ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ် (ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 30 July 2020 ၁၀၀၈၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၀ ပြည့်နှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား ကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၀ ပြည့်နှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား မစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာ ဘိဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်)

Coronavirus Disease 2019 (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့/တိုးမြှင့်ရန် လိုအပ်သည့်ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကြေးမုံ ယနေ့ ဖတ်စရာ

ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်းနှင့် ပဲခူး-ကျိုက်ထို လမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ အကောင်အထည်ဖော်ဆောင်ရွက်ရန် ချေးငွေရယူရေး အတည်ပြု — ပြည်ထောင်စုလွှတ်တော် စာမျက်နှာ » ၆

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း — စာမျက်နှာ » ၁၆

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ တက်ရောက်ရေး မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ Video Conferencing စနစ်ဖြင့် ကျင်းပမည့် (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ($41^{st}$ AIPA General Assembly)သို့ ပါဝင်တက်ရောက်ရေးအတွက် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ဝင်း ဇမ္ဗူသီရိခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က AIPA အထွေထွေညီလာခံကို Virtual နည်းလမ်းဖြင့် ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ ကဏ္ဍအလိုက် တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ယခင်အတွေ့အကြုံရှိသူအများစုဖြင့် ဖွဲ့စည်းထားကြောင်း၊ ညီလာခံတွင် ဆွေးနွေးရန်ရှိသည်များကို ရရှိသည့်အချိန်အပေါ်မူတည်၍ စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်၊ AIPA ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းက (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ တက်ရောက်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ AIPA National Secretariat မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြည်အောင်က (၄၁) ကြိမ်မြောက် အာဆီယံ ပါလီမန်များအထွေထွေညီလာခံ အစီအစဉ်များ၊ Draft Resolution များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့ဝင်များက ညီလာခံတွင် ကဏ္ဍအလိုက် ဆွေးနွေးမည့် အဆိုမူကြမ်းများ၊ ညီလာခံအစီအစဉ်နှင့် ကြိုတင်ပြင်ဆင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စု လွှတ်တော်ဒုတိယနာယကက ညီလာခံကို မိမိနိုင်ငံမှပင် Virtual Format ဖြင့် ပါဝင်တက်ရောက်ရသဖြင့် အထောက်အကူပြုနိုင်သည့် အခြေအနေမှာ ယခင်ထက် ပိုမိုအားသာမှုရှိကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာကော်မတီ ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြမည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် National Secretariat တို့သည် စုစည်းမှုမပျက်စေဘဲ အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခင်အကြိမ်များထက် ပိုမိုစိတ်ဝင်စားမှု၊ အသင့်ဖြစ်မှု၊ ဂရုစိုက်မှုတို့ရှိရန်လိုကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉-၇-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၀၀၀ | ၁,၂၄၉ | ၁၂,၅၀၆,၅၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၅၀ | ၂,၉၆၄ | ၁၁,၁၁၄,၇၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၁၈၅ | ၃,၉၇၇,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၈၀၀ | ၂,၈၀၀ | ၁,၅၀၀ | ၄,၂၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၉

**ရန်ကုန်(ရွှေဈေး) ၁၂၈၅၀၀၀ — မန္တလေး(ရွှေဈေး) ၁၂၈၅၀၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၅၈၅ ကျပ် | ၅၈၅/၆၀၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ် | ၅၇၀/၅၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၂၀/၆၃၅ ကျပ် | ၆၇၅/၇၀၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၀/၅၂၀ ကျပ် | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၉၀/၅၀၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၅/၄၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၉.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၈.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၆၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၅၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၆၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၂၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၃.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၅.၉၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၅.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၈၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

# မမေ့မလျော့သတိဖြင့် ကိုဗစ်ကို ဖြတ်ကျော်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် လက်ရှိအခြေအနေအား ယေဘုယျခြုံငုံသုံးသပ်ချက် အကျဉ်းချုပ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြည်သူအားလုံး သိရှိမှတ်သားလေ့လာ သုံးသပ်ဆင်ခြင်နိုင်ကြစေရန် ဇူလိုင်လ ၂၈ ရက်နေ့က အသိပေးထုတ်ပြန်လိုက်သည်။

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားစဉ်မှ ယနေ့အချိန်အထိ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ခဲ့ခြင်း လုပ်ငန်းကို ပြည်သူ့ကျန်းမာရေးရှုထောင့်၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားရှုထောင့်မျိုးစုံတို့မှ ကြည့်ရှုသုံးသပ်ပြီး ဆက်လက်လိုက်နာဆောင်ရွက်ရမည့် အခြေအနေများကို အကျဉ်းချုပ်တင်ပြထားရာ ယင်းအစီရင်ခံစာကို အသေးစိတ်လေ့လာဖတ်ရှု၍ လုပ်သင့်လုပ်ထိုက်သည်များအား ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အကောင်းဘက်သို့ဆောင်ကြဉ်းသော အလားအလာများရှိလာသဖြင့် နိုင်ငံတော်အစိုးရက ဖြေလျှော့ဆောင်ရွက်မှုများ ပြုလုပ်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေးဘက်တွင် လိုက်နာမှုအားနည်းလာသည်ကို တွေ့လာရသည်။ ပြည်သူများအနေဖြင့် နှာခေါင်းစည်းများဝတ်ဆင်ခြင်း၊ ခပ်ခွာခွာနေထိုင်သွားလာခြင်း အလေ့အထလုပ်ဆောင်မှုများ အားနည်းလာပြီး သက်ဆိုင်ရာတို့၏ တိုက်တွန်းနှိုးဆော်မှုများလည်း လျော့ကျလာသဖြင့် ကိုဗစ်-၁၉ ဒုတိယလှိုင်းဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်မှုများ ဖြစ်ရပါသည်။

မြန်မာနိုင်ငံ၏အနေအထားအရ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုမှာ စိုးရိမ်ပူပန်ဖွယ်အနေအထားမရှိခြင်း၊ ပြည်သူလူထုအချင်းချင်း ကူးစက်မှုမတွေ့ရှိရခြင်းတို့ကြောင့် နိုင်ငံတော်က ဖြေလျှော့မှုများ ပြုလုပ်ပေးလာခြင်းအပေါ် ပြည်သူများဘက်၌ ရောဂါမဖြစ်တော့သလို ပေါ့ပေါ့လျော့လျော့နေထိုင်သွားလာလုပ်ကိုင်နေမှုများသည် ကိုဗစ်ဒုတိယလှိုင်းကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်နေသည်။ အမှန်တကယ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာပေါ်တွင် အရှိန်အဟုန်ဖြင့် ဖြစ်ပွားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရောဂါ တွေ့သူ၊ ရောဂါကုသသူ အလျှင်းမပျောက်ကွယ်သေးဘဲ ဆက်လက်ရှိနေဆဲဖြစ်သည်။

ထိန်းချုပ်မှုများကို လျှော့ချပေးသည်ဆိုရာ၌ ရောဂါကူးစက်ဖြစ်ပွားမှု၊ ကုသမှုအခြေအနေများနှင့် ပြည်သူများ လူမှုစီးပွားဘဝ ရပ်တည်နေထိုင်ရမှုအခြေအနေများကို ဆင်ခြင်သုံးသပ်၍ တဖြည်းဖြည်းလျှော့ချပေးနေခြင်းသာဖြစ်သည်။ ထိန်းချုပ်မှုများကို ဖြေလျှော့ပြုလုပ်ပေးရာ၌ "စပရိန်တစ်ခုကို ဖိထားရာမှ ရုတ်ခြည်းလွှတ်လိုက်ပါက တွန်းကန်ခုန်ထွက်သွားနိုင်သဖြင့် တဖြည်းဖြည်းသာ ဖိအားကို လျှော့ချရသည့်အလား"ဟူသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အသိပေးချက်နှင့်အညီ ရောဂါဖြစ်ပွားမှု အရှိန်အဟုန်နှင့် ပျံ့နှံ့ကူးစက်မှုအပေါ်မူတည်၍ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း လျှော့ချပေးနေခြင်းဖြစ်သည်ကို အသိရှိဖို့လိုမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် စားဝတ်နေမှု နေ့စဉ်လူမှုဘဝအတွက် လှုပ်ရှားရုန်းကန်နေ့စဉ်ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်သည်မှန်သော်လည်း ကပ်ရောဂါကင်းဝေးရေးအတွက် နေ့စဉ်မဖြစ်မနေလုပ်ဆောင်ရမည့် ကျန်းမာရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို မမေ့မလျော့မပေါ့မဆ အထူးသတိဝီရိယဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုမည်ဖြစ်သည်။ မြန်မာတို့၏ လူမှုဘဝလောကတွင် ဘာမှမဖြစ်လျှင် ဘာမှမဖြစ်ပါဘူးဟူသည့် လွယ်လွယ်ပြော လွယ်လွယ်လုပ်တတ်သည့် လက်သုံးစကား အပြုအမူများသည် ယခုကဲ့သို့ ရောဂါဘေးအန္တရာယ်ကြီးရှိနေစဉ်တွင် အချိန်မရွေးအန္တရာယ်ကျရောက်နိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။

ရရှိနေသော အခြေအနေကောင်းတစ်ရပ်ကို ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲ အသိစိတ်ဓာတ်ရှိစွာ ထိန်းသိမ်းနိုင်မှသာ ပိုမိုကောင်းမွန်သော အနာဂတ်သစ်ကို ရောက်ရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ရောဂါပိုးတွေ့ရှိသူများတွင် ရောဂါလက္ခဏာမပြဘဲ ဖြစ်ပွားသူ ၆၀ ရာခိုင်နှုန်းရှိနေခြင်းသည် အချိန်မရွေး၊ နေရာမရွေး အန္တရာယ်ရှိနေကြောင်း သတိပေးနေသည်။ ဖိနှိပ်တားဆီးထားသောအရာကို ချက်ချင်းလွှတ်ချလိုက်ပါက အရှိန်အဟုန်ဖြင့် ကြွထလာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ယခုအချိန်အခါတွင် ပြည်သူများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီး၍ ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါက ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလွန်နည်းပါးပြီး ယင်းမှ နောင် သုံးလေးလကြာလျှင် အခြေအနေကောင်းကို ရောက်နိုင်သည်။

သို့ဖြစ်ရာ လူများသည့်နေရာများသို့သွားရောက်ပါက နှာခေါင်းစည်းဝတ်ရန်၊ တတ်နိုင်သမျှ ခပ်ခွာခွာနေရန်၊ ဆပ်ပြာနှင့်ရေအသုံးပြု၍ လက်ကို စက္ကန့် ၂၀ ကျော်ကြာဆေးကြောရန်၊ မိမိပတ်ဝန်းကျင်တွင် ကိုဗစ်-၁၉ သံသယရှိသူတွေ့ရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းသတင်းပို့ရန် အချက်များကို အသိတရားဖြင့် မဖြစ်မနေ ဆောင်ရွက်ပေးကြပါရန် အလေးအနက် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။ ။

ကြေးမုံ


| | | | |
|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အငယ်တန်း** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | – ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | – ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | – ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့ |
| **အကြီးတန်း** | – ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက





## ငါးပါးသီလ ဆောက်တည်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

❂ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### ဝါဆိုသင်္ကန်း ဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကမ္မဆရာတော် ဘဒ္ဒန္တစိတြဉာဏ ထံလည်းကောင်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုင်းသောက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ ထံလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မရောင်ခြည် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ ထံလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တကောဝိဒ ထံလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက နိုင်ငံတော် ဩဝါဒါစရိယ ဈေးကုန်းဆရာတော် ဘဒ္ဒန္တ ကဝိသာရ ထံလည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက္ခမီဆရာတော် ဘဒ္ဒန္တ နန္ဒသာရ ထံလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မော်ကျွန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစိန္တိတာလင်္ကာရထံလည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❁



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သာသနဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်းတော်ဆက်ကပ်လှူဒါန်းစဉ်။

❁ စာမျက်နှာ ၃ မှ
တွဲဖက်အကျိုးတော်ဆောင် ပြည်ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလ ထံလည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်သည်တော်အကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**သတင်းစဉ်**





ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကမ္ဘာ့ဆရာတော် ဘဒ္ဒန္တစိတြဉာဏထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုင်းသောက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မရောင်ခြည်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တကောဝိဒထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းဆရာတော် ဘဒ္ဒန္တ ကဝိသာရထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်း- ရှေ့ဖုံး


ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက္ကမီဆရာတော် ဘဒ္ဒန္တနန္ဒသာရထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်း- ရှေ့ဖုံး


ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မော်ကျွန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစိန္တိတာလင်္ကာရထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်း- ရှေ့ဖုံး


အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည်ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်း- ရှေ့ဖုံး

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ရွေးကောက်ပွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။



**ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးရေးအတွက် မဲဆန္ဒရှင်များ ပုံစံ(၁၅) အား ဩဂုတ် ၅ ရက်မတိုင်မီ ဖြည့်စွက်ပေးပို့ကြရန် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ နှိုးဆော်သွားရေးကိစ္စရပ်များ၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ စိစစ်ပြီးသည့် ပုံစံ(၁၅)များအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အချိန်မီ ပြန်လည်ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များ၊ ကြိုတင်ဆန္ဒမဲလက်မှတ်များ မြန်မာသံရုံးများသို့ ပေးပို့ခြင်းနှင့် လျှို့ဝှက်ဆန္ဒပြုပြီး မဲလက်မှတ်များအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများအလိုက် အသေးစိတ်လုပ်ငန်းစီမံချက်များ ရေးဆွဲပေးပို့ရေး၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် မဲရုံများဖွင့်လှစ်ခြင်းနှင့် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများမှ ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆန္ဒမဲပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဟန်ချက်ညီစွာ ဆောင်ရွက်သွားနိုင်ရေးတို့အပေါ် လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များက နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့် ဝန်ထမ်းများ ပြည်တွင်း၌ ဆန္ဒမဲပေးရမည့် အစီအစဉ်များ ရှင်းလင်းပြောကြားရေးကိစ္စ၊ ရွေးကောက်ပွဲဆိုင်ရာ ပြည်တွင်း/ပြည်ပ လေ့လာသူများ(Election Observers)လာရောက်မည့်ကိစ္စ၊ နိုင်ငံခြား သံရုံး/ အဖွဲ့အစည်းများမှ ရွေးကောက်ပွဲလေ့လာရန် အဆိုပြုမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**အစီအမံများ ပြုစုတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ယခုကာလမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံတကာလေကြောင်းများ ရပ်နားထားသည့် ကာလဖြစ်သဖြင့် ပုံစံ(၁၅)များ၊ ဆန္ဒမဲပြားများနှင့် ဆန္ဒပြုပြီးမဲလက်မှတ်များအား လုံခြုံစွာနှင့် အချိန်မီပေးပို့ရေးအတွက် ကယ်ဆယ်ရေး လေယာဉ်များ၊ အထူးလေယာဉ်များနှင့် အချိန်မီ ချိတ်ဆက်ပေးပို့ရေး အစီအမံများ ပြုစုတင်ပြရန်၊ ၂၀၁၅ ခုနှစ်က ရွေးကောက်ပွဲအတွေ့အကြုံကို အခြေခံ၍ လွဲမှား/လစ်ဟာမှုများ မရှိစေရေးအတွက် ကြိုတင်ဆန္ဒမဲပေးမှု လုပ်ငန်းလမ်းညွှန်များကို မြန်မာသံအမတ်ကြီးများနှင့် ဗီဒီယိုကွန်းဖရင့်ပြုလုပ်၍ ရှင်းလင်းပြောကြားကြရန်၊ သံရုံးစိုက်ရာ အိမ်ရှင်နိုင်ငံ၏ ခွင့်ပြုချက်ရရှိပါက မဲရုံများတိုးချဲ့ဖွင့်လှစ်ရေး ညှိနှိုင်းဆောင်ရွက်ကြရန်၊ ရွေးကောက်ပွဲအား လေ့လာလိုသည့် နိုင်ငံခြားသံရုံးများ၊ ပြည်ပမှလေ့လာသူများအား ကူညီပံ့ပိုးရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းနှင့် ပဲခူး-ကျိုက်ထို လမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ အကောင်အထည်ဖော်ဆောင်ရွက်ရန် ချေးငွေရယူရေး အတည်ပြု

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပဲခူး-ကျိုက်ထို လမ်းသစ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်တို့အတွက် ချေးငွေရယူရေးကိစ္စအပေါ် လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID – 19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့ အစီအစဉ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ယင်းချေးငွေရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

## ပဲခူး - ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပဲခူး – ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ယင်းချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူရှိသည့်အတွက် မတ်တတ်ရပ်ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ သဘောတူထောက်ခံသူ ၃၃၆ ဦး ဖြစ်ပြီး ယနေ့အစည်းအဝေး တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် ၅၅၂ ဦး၏ ထက်ဝက်ကျော်သည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပဲခူး – ကျိုက်ထို လမ်းသစ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဝန်ကြီးဌာနအနေဖြင့် ပဲခူး – ကျိုက်ထို လမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန သုဝဏ္ဏသင်တန်းကျောင်း အဆင့်မြှင့်တင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၀)မှ ခွင့်ပြုခဲ့သော ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးငွေရယူရေးကိစ္စနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သင်တန်းကျောင်းနှင့် စီမံကိန်း ဆက်စပ်မှုကို တင်ပြရပါက မိမိတို့နိုင်ငံတွင် မလုပ်ဖူးသေးသည့် Wind Tunnel Test များ၊ Vibration Test များနှင့် တံတားလုပ်ငန်းတွင် အသုံးပြုမည့် ပစ္စည်းများ စမ်းသပ်နေသည့်အချိန်တွင် မြန်မာနိုင်ငံမှ အင်ဂျင်နီယာများကို သင်တန်းပို့ချမှုများ တစ်ပြိုင်တည်း ပြုလုပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် သင်တန်းကျောင်းကြီးတွင် ဂျပန်နိုင်ငံမှ ပညာရှင်များ၊ Volunteer ဆရာများ လာရောက်ပြီး Vocational Training နှင့် Engineering Training တွင် လာရောက်သင်ကြားပြသရန် အစီအစဉ်များရှိပါကြောင်း။

## ပဲခူး - ကျိုက်ထို လမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ ချေးယူမည့်ကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ရန်တင်ပြ

အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေဖြင့် ဆောင်ရွက်မည့် ပဲခူး – ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးငွေဖြင့် ဆောင်ရွက်မည့် ပဲခူး – ကျိုက်ထိုလမ်းသစ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့သည် Project တစ်ခုတည်းဖြစ်ပါကြောင်း၊ အဆိုပါ Project တစ်ခုလုံးသည် East – West Economic Corridor ဖြစ်သော ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှစတင်ပြီး ရန်ကုန်မြို့ သီလဝါစက်မှုဇုန်တွင် အဆုံးသတ်ရောက်ရှိမည်ဖြစ်သည့်အတွက် ပဲခူး – ကျိုက်ထို လမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ ချေးယူမည့်ကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ချေးငွေရယူရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိသည့်အခါ ချေးငွေစာချုပ်




ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ
ဦးခင်ချို



တပ်မတော်သားပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်
ဗိုလ်မှူး ဒေါ်အေးအေးမာ

ချုပ်ဆိုနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေ တိုးတက်မှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ပုံမှန်အစီရင်ခံတင်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးငွေရယူရေး ကိစ္စရပ်ကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူရှိသည့်အတွက် မတ်တတ်ရပ်ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ သဘောတူ ထောက်ခံသူ ၃၃၈ ဦးဖြစ်ပြီး ယနေ့အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် ၅၅၂ ဦး၏ ထက်ဝက်ကျော်သည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

## အာဆီယံ အပြန်အလှန် အသိအမှတ်ပြုမှု အစီအစဉ်များဆိုင်ရာ သဘောတူညီချက်မူဘောင်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဉ်များဆိုင်ရာ သဘောတူညီချက်မူဘောင်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဩဂုတ် ၅ ရက်တွင် ဆွေးနွေးဆုံးဖြတ်ရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒေသတွင်း ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇရတ်ဆင်းက လွှတ်တော်သို့ရှင်းလင်းတင်ပြရာတွင် သဘောတူစာချုပ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများပါဝင်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကြီးမားသော ဈေးကွက်ကို ရရှိခြင်း၊ အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာနိုင်မည့် အခွင့်အလမ်းရရှိခြင်း၊ ခေတ်မီပြီး ကဏ္ဍစုံလွှမ်းခြုံသည့် အဆင့်မြင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်တွင် ပါဝင်ခွင့်ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

ထို့ပြင် မိမိနိုင်ငံ၏ စီးပွားရေးဝန်းကျင် ကောင်းမွန်တိုးတက်ရေးအတွက် ဥပဒေမူဘောင်များ၊ စည်းမျဉ်းစည်းကမ်းများ တိုးတက်ကောင်းမွန်စေရန် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ခြင်း၊ ကမ္ဘာ့အကြီးဆုံး ကုန်သွယ်မှုဒေသတွင် မြန်မာနိုင်ငံပါဝင်ရသည့်အတွက် ကမ္ဘာ့နိုင်ငံများအကြား မြန်မာနိုင်ငံ၏ ပုံရိပ် မြင့်မားလာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် လွှတ်တော်သို့ တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဩဂုတ် ၅ ရက်တွင် ဆွေးနွေးဆုံးဖြတ်ရန် လျာထားပါကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ပထမ ခြောက်လပတ် အခွန်ရငွေစာရင်းများနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၇/၂၀၂၀)တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူး ဒေါ်အေးအေးမာ က အခွန်အကောက်ရရှိမှု မပြည့်မီသည့် လုပ်ငန်းများအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ချထားပေးမှုများကိုပြန်လည်စိစစ်သင့်ပါကြောင်း၊ အခွန်ဖြေလျှော့မှုဆိုင်ရာတွင် မပါဝင်သော လုပ်ငန်းများမှ အခွန်အခများကို ယခင်ကထက် ကြပ်မတ်စည်းကြပ်ကောက်ခံသင့်ပါကြောင်းနှင့် ရေခွန်ပြေစာများတွင် တိကျစွာကောက်ခံနိုင်ရန်နှင့် အမှားအယွင်းမဖြစ်စေရေးကို လုပ်ငန်းရာထူးအဆင့်အလိုက် Check၊ Recheck၊ Counter Check ပြုလုပ်ပြီး မိမိလုပ်ငန်းအပေါ် တာဝန်ယူမှု တာဝန်ခံမှု အပြည့်နှင့် လျာထားသတ်မှတ်ချက် ပြည့်မီအောင် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသန့်ဇင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ထွန်းနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(အဆင့်-၃) အကောင်အထည်ဖော် ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဉာဏ်ရွှေ၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦးတို့က ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၀/ ၂၀၂၀) တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက နိုင်ငံခြားချေးငွေ အများဆုံးထုတ်ယူခဲ့သည့် ဝန်ကြီးဌာနများအနေဖြင့် စာချုပ်ချုပ်ဆိုခဲ့သည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်ပြီး နှစ်အလိုက်ချေးငွေများကို စာချုပ်ချုပ်ဆိုခဲ့သည့် လုပ်ငန်းအရေအတွက်၊ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းအရေအတွက်၊ ချေးငွေသက်တမ်းကာလကုန်ဆုံးပြီး ငွေဆက်မထုတ်နိုင်၍ ဆောင်ရွက်ရန် ကျန်နေသည့် လုပ်ငန်းအရေအတွက်နှင့် ကျန်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မည်သည့် အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်မည်ကို ရှင်းပြစေလိုပါကြောင်း ဆွေးနွေးသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ချေးငွေသည် မည်သည့်လက်ထက် မည်သည့်ကာလ၌ပင် ယူယူ တိုင်းပြည်အတွက်ဖြစ်သည့်အတွက် ထိရောက်သည့် ရင်းနှီးမြှုပ်နှံမှုဖြင့် ထုတ်ယူသုံးစွဲခြင်းကို သတ်မှတ်စည်းမျဉ်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း ပြည်ပချေးငွေနှင့်ပတ်သက်၍ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ရေရှည်အကျိုးဖြစ်ထွန်းမှု၊ မဖြစ်မနေရယူရန် လိုအပ်မှု၊ ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်မှု ရှိ/မရှိ တို့ကို စိစစ်ပြီး အစိုးရနှင့် လွှတ်တော် အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ချေးငွေနှင့် ဆက်စပ်ဖြစ်ပေါ်လာမည့် တာဝန်ရှိမှုအနေအထား၊ နိုင်ငံတော်၏ လက်ရှိဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအခြေအနေ၊ ပြည်သူများ၏ လိုအပ်ချက်နှင့် ကြွေးမြီခံနိုင်ရည်ရှိမှုတို့ကို မှန်ကန်စွာသုံးသပ်ပြီး ပြည်သူများ အကြွေးဝန်မပိစေရန်အတွက် အဂတိကင်းစွာဖြင့် လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးအေးလွင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတိုးလွင်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဇော်လွင်နှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**
မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conference ဖြင့် ကျင်းပသည်။



**အမှာစကားပြောကြား**

အဆိုပါ အစည်းအဝေးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Video Clip ဖြင့် အမှာစကားပြောကြားပြီး ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည်လည်း အဆိုပါအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် ဂျပန်နိုင်ငံ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်စွာ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ထိုသို့ ဖန်တီးပေးနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ အဓိကအချက်တစ်ခုဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

COVID-19 အလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များ ပိုမိုဖော်ဆောင်နိုင်ရေးအတွက် ကျင်းပသော မြန်မာ - ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်၌ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအဆောက်အအုံ စီမံကိန်းသစ်နှစ်ခု အကောင်အထည်ဖော်နိုင်ရေး ထည့်သွင်းဆွေးနွေးခဲ့ပြီး အဆိုပါ ဖိုရမ်သို့ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းသစ်များအား သိရှိနိုင်ရန်အတွက် ဂျပန်စီးပွားရေး လုပ်ငန်းရှင်ပေါင်း ၁၀၀၀ ကျော် တက်ရောက်သည်။

**ဆွဲဆောင်မှုရှိ**

ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Sasaki Nobuhiko က မြန်မာနိုင်ငံသည် ပိုမိုဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုနေရာတစ်ခုဖြစ်ကြောင်း၊ ဂျပန်ကုမ္ပဏီများအနေဖြင့်လည်း မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံနိုင်မည့် နေရာသစ်တစ်ခုအဖြစ် ခံစားမိကြပါကြောင်းနှင့် ယနေ့ ဖိုရမ်သည် လာမည့်နှစ်များ၌ မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံမှ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများဖြစ်ပေါ်လာမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama ကလည်း COVID-19 ပြန့်ပွားမှုကာကွယ်တားဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြသည့် မြန်မာအစိုးရနှင့် ပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဂျပန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် အစိုးရ၏ နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းမှုများတွင် အပြည့်အဝဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျပန်နိုင်ငံ၏စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr.Nakano Hiromasa ကလည်း မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ပထဝီနိုင်ငံရေးဆိုင်ရာအရေးပါမှုအပေါ် အသိအမှတ်ပြုကြောင်းနှင့် မြန်မာနိုင်ငံသည် စက်မှုလုပ်ငန်းများအတွက် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုတည်ရှိရာ နေရာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ၏ အကြီးမားဆုံး ကော်ပိုရေးရှင်းများဖြစ်သော ဆူမီတိုမို၊ မစ်ဆူဘီရှီ၊ မာရူဘီနီနှင့် ကာဗာကီတို့၏ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု အတွေ့အကြုံများနှင့် ပတ်သက်၍ မြန်မာအစိုးရအဆင့်မြင့်အရာရှိများနှင့် ပုဂ္ဂလိက ကဏ္ဍမှ တာဝန်ရှိသူများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး သီလဝါရှိ One-Stop-shop ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အပြုသဘောဆောင်သည့် အတွေ့အကြုံများကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေကို ရှင်းလင်းပြောကြားခဲ့ပြီး ရန်ကုန်အနောက်ပိုင်း စက်မှုဇုန်တည်ဆောက်ရေး စီမံကိန်းသစ်နှင့် မွန်ပြည်နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်သစ်တို့နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးက အထူးစီးပွားရေးဇုန်သစ်သည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ချိတ်ဆက်နိုင်မည်ဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲ၏ အရှေ့-အနောက် စင်္ကြံတို့သို့ ချိတ်ဆက်ပေးနိုင်မည် ဖြစ်ကြောင်း၊ အဆိုပါ အထူးစီးပွားရေးဇုန်သည် အခြားရှိနှင့်ပြီးသော အထူးစီးပွားရေးဇုန်များထက် ပိုမိုကြီးမားပြီး ချိတ်ဆက်မှု ပိုရရှိမည်ဖြစ်ကြောင်း၊ ရန်ကုန်အနောက်ပိုင်း စက်မှုဇုန်တည်ဆောက်ရေး စီမံကိန်းကဲ့သို့ပင် ဤ အထူးစီးပွားရေးဇုန်သစ်သည် ကမ္ဘာ့အဆင့်မီ ပွင့်လင်းမြင်သာမှုရှိသည့်အပြင် နိုင်ငံတကာနှင့်လည်း ယှဉ်ပြိုင်လာနိုင်မည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြောကြားရာတွင် ရန်ကုန်အနောက်ပိုင်း စက်မှုဇုန်တည်ဆောက်ရေးအတွက် ရင်းနှီးတည်ဆောက်မည့် ကုမ္ပဏီရွေးချယ်ရန် နိုင်ငံတကာအကြံပေးအဖွဲ့ကို ရွေးချယ်လျက်ရှိကြောင်း၊ ယင်းနိုင်ငံတကာ အကြံပေးအဖွဲ့နှင့်ပေါင်းစပ်၍ ပွင့်လင်းမြင်သာသည့် စွစ်ယှဉ်ပြိုင်မှုတင်ဒါစနစ်ဖြင့် ရင်းနှီးတည်ဆောက်သူအား ရွေးချယ်သွားမည်ဖြစ်ကြောင်း ရှင်းပြသည်။ ထို့အပြင် အထူးစီးပွားရေးဇုန်အသစ်၏ နေရာရွေးချယ်ရေးနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံများအကြား ဆက်သွယ်ထားသည့် စီးပွားရေးစင်္ကြံနှင့် အလွယ်တကူ ချိတ်ဆက်နိုင်သည့်နေရာဖြစ်ခြင်း၊ ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်နိုင်မည့်နေရာဖြစ်ခြင်း၊ ပြည်တွင်း သယ်ယူပို့ဆောင်ရေးကွန်ရက်မှတစ်ဆင့် သီလဝါအထူးစီးပွားရေးဇုန်နှင့် အလွယ်တကူ ချိတ်ဆက်နိုင်မည့် နေရာဖြစ်ခြင်း စသည့်အချက်များနှင့် ပြည့်စုံသည့်နေရာတွင် ယင်းအထူးစီးပွားရေးဇုန်အသစ်ကို တည်ဆောက်ရန်လျာထားကြောင်း၊ ယင်းမဟာဗျူဟာမြောက်နေရာကိုရွေးချယ်ရန်အတွက် နိုင်ငံတကာအကြံပေးအဖွဲ့ဖြင့် ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုများနှင့် Master Plan ကို ရေးဆွဲကာ ရင်းနှီးတည်ဆောက်သူကို ပွင့်လင်းမြင်သာစွာ ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယင်း အထူးစီးပွားရေးဇုန်သစ်နှင့် သီလဝါအထူးစီးပွားရေးဇုန်တို့ ချိတ်ဆက်၍ အထူးစီးပွားရေးဇုန်တစ်ခုတည်းအသွင်ဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်သည် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များ မြှင့်တင်ရန်၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ နောက်ဆုံးသတင်းများကို တင်ပြရန်၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှု ပိုမိုခိုင်မာစေရန်နှင့် COVID-19 ကာလအလွန်တွင် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် လူအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများကို ပိုမိုခိုင်မာလာစေရန် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကာလအတွင်း ကျွမ်းကျင်မှုသင်တန်းများ စနစ်တကျ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**
ကိုဗစ်-၁၉ ကာလအတွင်း ကျွမ်းကျင်မှုသင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အစိုးရ၊ ပုဂ္ဂလိက သင်တန်းကျောင်း တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရုံးအမှတ် (၅၁) ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သင်တန်းကျောင်းတာဝန်ခံများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ လုပ်ငန်းခွင်အသီးသီးက လုပ်သားများ၊ ပြည်ပနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် မူဝါဒများချမှတ်၍ ကာကွယ်စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အနေဖြင့် လုပ်ငန်းခွင်ရှိ လုပ်သားများ၊ အလုပ်အကိုင်ရှာဖွေသူများ၊ လုပ်သားဈေးကွက် လိုအပ်ချက်နှင့်ကိုက်ညီသော အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ Upskills ဖြင့် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုများမြှင့်တင်ရန်၊ Newskills၊ Reskills ဖြင့် လုပ်သားထုအား ကျွမ်းကျင်မှုဆိုင်ရာ အလုပ်အကိုင်၊ အခွင့်အလမ်းများနှင့် တိုးတက်ချိတ်ဆက်ပေးရန်၊ လုပ်သားဈေးကွက်အတွင်း ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ဦးစီးဌာနမှ အသိအမှတ်ပြုကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ၁၃ ကျောင်းနှင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skill Standard Authority – NSSA) အသိအမှတ်ပြုသင်တန်းကျောင်း လေးကျောင်းရှိကြောင်း။

**တိုးချဲ့သင်ကြား**

ယနေ့ အချိန်အခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူနေထိုင်မှုပုံစံများ ပြောင်းလဲလာပြီး ဓလေ့သစ် (New Normal) ပုံစံဖော်ဆောင်လာကြောင်း၊ ယနေ့ကမ္ဘာတွင် ကုန်ပစ္စည်းများကို အွန်လိုင်းအသုံးပြု၍ အိမ်အရောက် ပို့ဆောင်ရောင်းချခြင်း၊ အီလက်ထရောနစ်ကတ်စနစ်သုံးလာခြင်း၊ Soft Skills သာလိုအပ်သည့် သင်တန်းအများစုကို အွန်လိုင်းအသုံးပြု၍ သင်ကြားလာခြင်း၊ အစည်းအဝေးပုံစံများ Social Distancing အရ နေရာချဲ့စီစဉ်ကျင်းပခြင်း၊ Online Meeting ကျင်းပခြင်း၊ နှာခေါင်းစည်း ဝတ်ဆင်လာခြင်းများ ကြုံတွေ့လာရပြီး လူတိုင်းအားလုံးနီးပါး လက်ခံကျင့်သုံးလာပြီဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ဒစ်ဂျစ်တယ်နည်းပညာရပ်အရေးကြီးလာသောကြောင့် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်၍ သင်တန်းကျောင်းများအနေဖြင့် မည်သို့အသုံးချမည်၊ မည်သို့ကိုင်တွယ်မည်ကို မဖြစ်မနေလေ့လာထားရမည်ဖြစ်ကြောင်း၊ လူသားများ၏လိုအပ်ချက်များ ပြောင်းလဲလာပြီး ကျွမ်းကျင်မှုနှင့် သက်မွေးပညာ သင်တန်းကျောင်းများတွင် အလုပ်အကိုင်ဆိုင်ရာ ကဏ္ဍသစ်များအတွက် တိုးချဲ့သင်ကြားပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ILO ၏ ၂၀၁၉ ခုနှစ် ထုတ်ပြန်ထားသည့် Global Commission on the future of work; Work for Brighter future တွင် လုပ်သားထု၏ တစ်သက်တာပညာသင်ယူမှုရရှိရေး၊ အလုပ်ခွင်အတွင်း အာမခံချက်ရရှိရေးအတွက် အနာဂတ်အလုပ်အကိုင်များကို အကြံပြုတိုက်တွန်းထားသဖြင့် ဝန်ကြီးဌာန၏ အလုပ်အကိုင်မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**အလေးထားဖြည့်ဆည်း**

နိုင်ငံတော်အနေဖြင့် လုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအား အရေးကြီးကိစ္စရပ်အဖြစ်သတ်မှတ်၍ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုအပေါ် ကုစားရေးလုပ်ငန်းကော်မတီကလည်း ဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်နေသည့် ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများနှင့် ပုဂ္ဂလိကကျွမ်းကျင်မှုဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက အခြားစီးပွားရေးလုပ်ငန်းများနည်းတူ ချေးငွေများထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ NSSA နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အသိအမှတ်ပြုသင်တန်းကျောင်းများကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ကြောင်း၊ သင်တန်းကျောင်းများအနေဖြင့် ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို အလေးထားဖြည့်ဆည်းပေးနိုင်ရန်နှင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ၊ ကိုဗစ်ကာလအတွင်းနှင့် ကိုဗစ်ကာလအလွန် ဆက်လက်ဆောင်ရွက်သွားမည့် အကြံဉာဏ်ကောင်းများအား ဝိုင်းဝန်းအကြံပြုဆွေးနွေးဆောင်ရွက်သွားရန်နှင့် ယခုအစည်းအဝေးအား မူဝါဒတစ်ရပ် ချမှတ်နိုင်သည်အထိ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် အစိုးရ၊ ပုဂ္ဂလိကသင်တန်းကျောင်းတာဝန်ခံများက ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်မှု၊ ဝန်ကြီးဌာန လမ်းညွှန်မှုများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့မှု၊ သင်တန်းများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်မှု၊ ဖွင့်လှစ်နေမှု၊ ကြုံတွေ့ရသည့်အခက်အခဲများ၊ အကြံပြုချက်များကိုတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်တို့က ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စစ်ကိုင်းမြို့နယ်၌ ရေဘေးသင့်ပြည်သူများကို အားပေးထောက်ပံ့ခြင်းများ ဆောင်ရွက်

**စစ်ကိုင်း ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းဒေသများရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စု ၁၄၅၁ စု၊ လူဦးရေ ၆၅၁၆ ဦးတို့အား ဘေးလွတ်ရာ ယာယီခိုလှုံရာစခန်းများသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားခြင်း၊ စားနပ်ရိက္ခာများ၊ ဆန်ရိက္ခာဖိုးငွေများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေး ကော်မတီတာဝန်ရှိသူများက သွားရောက်ဆောင်ရွက်ပေးသည်။



**ကူညီပံ့ပိုး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းနှင့် ဝေဠုဝန်ငါးထပ်ကြီးမြတ်စွာဘုရား တန်ဆောင်းတို့သို့ သွားရောက်ပြီး အေးမြဝတီရပ်ကွက်၊ ထားဝယ်ဈေးရပ်ကွက်နှင့် တဲကြီးကျေးရွာအုပ်စုတို့မှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မြစ်ရေမြင့်တက်၍ ဘေးဒုက္ခကြုံတွေ့ရခြင်းသည် အခိုက်အတန့် ဖြစ်သော်လည်း ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ဘေးဒဏ်ခံစားရသော ပြည်သူများ၏ စားဝတ်နေရေး အခက်အခဲကို ပြေလည်စေရန် အစိုးရဝန်ကြီးဌာန တာဝန်ရှိသူများအနေဖြင့် လာရောက်၍ စားနပ်ရိက္ခာ၊ ဆန်ရိက္ခာဖိုးငွေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် လက်ဆေးဆပ်ပြာများကို ထောက်ပံ့ခြင်း ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရေးကိုလည်း အထူးဂရုပြုဖို့လိုကြောင်း၊ လက်ကို မကြာခဏဆေးကြောရန်လိုကြောင်း၊ လက်ဆေးခြင်းဖြင့် အခြားကူးစက်ရောဂါများကိုပါ ကာကွယ်နိုင်ပါကြောင်းနှင့် လိုအပ်သော ကူညီပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

**ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အေးမြဝတီရပ်ကွက်၊ ထားဝယ်ဈေးရပ်ကွက်နှင့် တဲကြီးကျေးရွာအုပ်စုတို့မှ လူဦးရေ ၃၁၄၉ ဦးအတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းထောက်ပံ့ငွေကျပ် ၆၆၁၂၉၀၀၊ ခေါက်ဆွဲခြောက်ထုပ်များ၊ နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာများကို ဘေးသင့်ပြည်သူများထံ ပေးအပ်ထောက်ပံ့ပေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ကူညီမှုများကို အလျင်အမြန်ဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် အနိမ့်ပိုင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၁၄၅၁ စု၊ လူဦးရေ ၆၅၁၆ ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၁၃၆၈၃၆၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၄၅၁၀၊ လက်ဆေးဆပ်ပြာ ၁၄၅၁ တောင့်နှင့် နှာခေါင်းစည်း ၆၅၁၆ ခုတို့ကို ထောက်ပံ့ပေးသည်။

**သွားရောက်ထောက်ပံ့**

အလားတူ မြစ်ရေမြင့်တက်မှုများကြောင့် ရေဘေးဒဏ်ခံစားကြရသည့် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာ ငါးခုမှ အိမ်ထောင်စု ၉၁ စု၊ လူဦးရေ ၃၆၄ ဦး၊ ပန်းတောင်းမြို့နယ် ကျေးရွာတစ်ရွာမှ အိမ်ထောင်စု လေးစု၊ လူဦးရေ ၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ စဉ့်ကူးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြင်းခြံမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာ ၂၆ ခုတို့မှ အိမ်ထောင်စု ၇၃၈ စု၊ လူဦးရေ ၂၉၉၇ ဦး၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နှင့် မကွေးမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာ နှစ်ခုမှ အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၃၇ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေများ၊ နှာခေါင်းစည်းများနှင့် လက်ဆေးဆပ်ပြာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် ယာယီရေဘေးရှောင်နေရာများသို့ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရနှင့် NCA-S EAO ကိုယ်စားလှယ်များ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (NCA-S EAO) ကိုယ်စားလှယ်များ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသည်။



**တက်ရောက်**

ယနေ့အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးငွေဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးတို့ တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်း၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှငွေး၊ စောမြရာဇာလင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ ကြာဆော်လမွန်၊ နိုင်အောင်မငေး၊ ဒေါက်တာစိုင်းဦးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဇူလိုင် ၂၇ ရက်တွင် ဆွေးနွေးခဲ့ကြသည့် (၈) ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက်ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ အခြေခံမူသဘောတူညီချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-၂၁ ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးဆိုင်ရာ အခင်းအကျင်း၊ ညီလာခံမတိုင်မီ ဆက်စပ် အစည်းအဝေးများ ကျင်းပရေးအတွက် ပြင်ဆင်မှုနှင့် ရှေ့လာမည့်ညှိနှိုင်းအစည်းအဝေးရလဒ်များကို UPDJC နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်များအား ထပ်မံရှင်းလင်းတင်ပြရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးညှိနှိုင်းခဲ့**

NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "ပြီးခဲ့တဲ့ မိမိတို့ နှစ်ဖက်ညှိနှိုင်းအစည်းအဝေးမှာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ရဲ့ အကြောင်းအရာတွေထဲက သဘောမတူသေးတဲ့ အချက်တွေကို ဒီအစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်းခဲ့တယ်။ အဓိကအရေးပါတဲ့ သဘောတူညီချက်တွေကိုလည်း ထပ်မံရရှိခဲ့ပါတယ်။ ဒါတွေဟာ တိုးတက်မှုပဲ ဖြစ်ပါတယ်။ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးဆိုင်ရာ အခင်းအကျင်းကို အသေးစိတ်ဆွေးနွေးနိုင်ခဲ့ပြီး ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို ညှိနှိုင်းနိုင်ခဲ့သလို ဆက်စပ်အစည်းအဝေးများ ကျင်းပရေးအတွက် ပြင်ဆင်မှုတွေကို ဆောင်ရွက်သွားဖို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

"မိမိတို့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေရဲ့ လာမယ့်ဆွေးနွေးညှိနှိုင်းအစည်းအဝေး ရလဒ်တွေကို UPDJC နိုင်ငံရေးပါတီအစုအဖွဲ့တွေကို ထပ်မံရှင်းလင်း တင်ပြနိုင်ရေးအတွက် ဒီအစည်းအဝေးမှာ သဘောထား ချမှတ်နိုင်ခဲ့ပါတယ်။ ဆွေးနွေးဖို့ကျန်ရှိတဲ့အချက်တွေကို လာမယ့် သတ္တမအကြိမ်မြောက် အစိုးရနဲ့ NCA-S EAO နှစ်ဖက်ညှိနှိုင်းရေးအစည်းအဝေးမှာ ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးကရရှိတဲ့ အစည်းအဝေးရလဒ်တွေကို JICM အကြိုပြင်ဆင်ခြင်း အစည်းအဝေးနဲ့ JICM အစည်းအဝေးမှာ အပြီးသတ်သဘောတူညီချက် အတည်ပြုပေးဖို့ ဆက်လက်သယ်ဆောင်သွားမှာ ဖြစ်ပါတယ်။

"အားလုံးကျေနပ်လက်ခံတဲ့၊ ပြီးပြည့်စုံတဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုနိုင်ရေး၊ အနှစ်သာရပြည့်ဝတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ရေး၊ ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ် ချောမွေ့စွာ ရှေ့ဆက်ချီတက်သွားနိုင်ရေးတို့အား ဦးတည်ပြီး ဒီညှိနှိုင်းအစည်းအဝေးမှာ ဝိုင်းဝန်းကြိုးပမ်းဆွေးနွေးပေးကြတဲ့အတွက် မိမိအနေနဲ့ နှစ်ဖက်ခေါင်းဆောင်တွေကို ချီးကျူးဂုဏ်ပြုပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါအောက်မှာ နေထိုင်သွားလာလှုပ်ရှားရတာဖြစ်လို့ အားလုံးက ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်ပြီး ကျန်းမာအောင် နေထိုင်သွားလာလှုပ်ရှားကြပါလို့ တိုက်တွန်းပါတယ်" ဟု ပြောကြားသည်။

**ရလဒ်ကောင်း ရရှိဖို့**

ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "ကျွန်တော်တို့ အစိုးရနဲ့ NCA-S EAO တို့ရဲ့ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့တာ ဒီနေ့က နောက်ဆုံးနေ့ဖြစ်ပါတယ်။ JICM အစည်းအဝေးဆုံးဖြတ်ချက်တွေနဲ့အညီ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း- ၃ မှာ ရလဒ်ကောင်းတွေ ရရှိဖို့ မူဘောင်သဘောတူညီချက်တွေ၊ ၂၀၂၀ အလွန် ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်မှု ကိစ္စတွေ၊ အခြေခံမှုရရှိရေးတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။

**ဆက်လက်ကြိုးစား**

"ဖက်ဒရယ်စနစ်ရဲ့ အဓိက အခြေခံဖြစ်တဲ့ သဘောတူညီမှုတွေ၊ ဆွေးနွေးမှုတွေအပေါ်မှာ အခြေခံတာဖြစ်ပါတယ်။ ညှိနှိုင်းမှုတွေဟာ များစွာအဓိကကျပါတယ်။ စေ့စပ်ညှိနှိုင်းမှုတွေ အလျှော့အတင်း မရှိဘူးဆိုရင် ရှေ့ဆက်ဖို့ မရနိုင်ပါဘူး။ နှစ်ဖက်စလုံးက အဖြေရချင်တဲ့ဆန္ဒ၊ အဖြေထွက်ချင်တဲ့၊ ရလဒ်ကောင်းတွေရချင်တဲ့ ဆန္ဒနဲ့ ကြိုးစားခဲ့ကြပါတယ်။ အစည်းအဝေးအတွင်းမှာရော၊ သီးခြားတွေ့ဆုံတဲ့အချိန်တွေမှာရော ရလဒ်ကောင်းတွေ ထွက်ဖို့အတွက် နှစ်ဖက် အပြန်အလှန်လေးစားမှု၊ စိတ်ရှည်မှု၊ ရည်မှန်းချက်ရောက်ဖို့အတွက် တစ်ဖက်နဲ့တစ်ဖက် ဆန္ဒတွေလေးစားအလေးထားပြီး ကြိုးစားခဲ့ကြပါတယ်။ တစ်ဖက်ခေါင်းဆောင်ပြောခဲ့သလိုပဲ ကျွန်တော်တို့ ရလဒ်ကောင်းတွေလည်း ရခဲ့ပါပြီ။ ကျွန်တော်တို့ နေပြည်တော်မှာ ဆက်လက်ပြီး ဆွေးနွေးကြမယ်။ ကျွန်တော်တို့ရဲ့ စတုတ္ထအကြိမ်- (၂၁) ရာစုပင်လုံညီလာခံမှာ တကယ့်အခြေခံ ဖက်ဒရယ်ကောင်းတွေ ရဖို့အတွက် ဆက်လက်ပြီး ကြိုးစားကြပါမယ်" ဟု ပြောကြားခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

အစိုးရ ကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA - S EAO) ၏ သတ္တမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို လာမည့် ဩဂုတ်လ ပထမပတ်တွင် နေပြည်တော်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ရဲခေါင်ညွန့်**
**ဓာတ်ပုံ- ဖိုးထောင်**

## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

**တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်း မိမိရရယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့မြန်မာပြည် ထူထောင်နိုင်မယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (သာသနာရေး)မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇာနည်ဝင်းကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ( ၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုနိုင်ရေးအတွက် နှစ်ဖက်ကိုယ်စားလှယ်များ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

(၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များအတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေး၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုနိုင်ရေးအတွက် အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA-S EAO) ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးတို့က မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

နှစ်ဖက်ကိုယ်စားလှယ်များ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့အစည်းအဝေးနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အခုက အစိုးရနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကိုယ်စားလှယ်တွေရဲ့ (၆) ကြိမ်မြောက် အစည်းအဝေးကျင်းပတာဖြစ်ပါတယ်။ (၆) ကြိမ်မြောက် အစည်းအဝေးကို မူလက သုံးရက်ကျင်းပဖို့ မှန်းထားပေမယ့် လေးရက်လောက်ကျင်းပခဲ့ရပါတယ်။ နောက်ထပ်ထပ်တိုးပြီး အချိန်ယူဆွေးနွေးခဲ့ရတဲ့အပိုင်းတွေလည်း ရှိပါတယ်။ ကိုယ့်ရဲ့ အစုအဖွဲ့အတွင်းမှာလည်း ပြန်ပြီးဆွေးနွေးရတဲ့အပိုင်း ရှိပါတယ်။ ဒီနေ့လို ရက်ထပ်တိုးဆွေးနွေးရပေမယ့် သဘောတူညီချက်တွေလည်း တော်တော်လေးရရှိပါတယ်" ဟု ပြောသည်။

ဆွေးနွေးညှိနှိုင်းမှုများနှင့်စပ်လျဉ်း၍ ဦးဇော်ဌေးက "အပိုင်း သုံးပိုင်းပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုမယ့် အပိုင်းပေါ့။ အပိုင်းတစ်မှာဆိုရင် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ပါ။ အဲဒီမှာဆိုရင် ကျွန်တော်တို့ ၁၃ ချက်ရပါတယ်။ ဆွေးနွေးဖို့ ကျန်တာ သုံးချက်ပါ။ ဒီ သုံးချက်ကလည်း အများကြီး ကွဲလွဲမှုမရှိဘူး။ အချို့အပိုင်းလေးတွေ ကျေကျေလည်လည်ဖြစ်အောင် လုပ်နေရတဲ့အတွက် အဆင်ပြေသွားမယ့် သဘောရှိပါတယ်။

အပိုင်း နှစ်ကတော့ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှု ဖြစ်ပါတယ်။ အဲဒီမှာတော့ ဇယား(၁) နဲ့ ဇယား(၂) ဆိုပြီးရှိပါတယ်။ ဇယား(၁) မှာ ခေါင်းစဉ်ကြီး ရှစ်ခုရှိပါတယ်။ အဲဒီအပေါ်မှာ သဘောတူညီမှုရရှိပြီး ဖြစ်ပါတယ်။ အသေးစိတ်ဆက်သွားလို့ ခေါင်းစဉ်ခွဲတွေ သတ်မှတ်တဲ့အဆင့် ဇယားနှစ်အပိုင်းမှာတော့ ကျွန်တော်တို့နဲ့ EAO ကြားမှာ ဆွေးနွေးနေတဲ့အပိုင်းမှာ အဓိကအချက်ဖြစ်တဲ့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကဏ္ဍနဲ့ပတ်သက်လို့ အဆင့် သုံးဆင့် ခွဲခြားထားတာရှိပါတယ်။ အဲဒီအဆင့်တွေခွဲတဲ့ အပေါ်မှာ နှစ်ဖက်ဆက်ပြီးညှိနှိုင်းရမယ်။ အဲဒီအချက်ရရင် ဇယား (၂) ကို ရသွားတဲ့အပိုင်းရှိပါမယ်။ ဒါကြောင့် တော်တော်လေး သဘောတူညီချက်ရနေတဲ့ အနေအထားရှိပါတယ်။

အပိုင်းသုံးကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများဖြစ်ပါတယ်။ အဲဒီမှာဆွေးနွေးနေတာ ရှစ်ချက်ရှိပါတယ်။ နှစ်ဦးနှစ်ဖက်သဘောတူထားတာ နှစ်ချက်ရှိတယ်။ ဆက်ဆွေးနွေးဖို့ကျန်တာ ခြောက်ချက်ရှိပါတယ်။ ဒါကလည်း မပြီးပြတ်သေးတာမဟုတ်ပါဘူး။ အချို့အချက်တွေ သဘောတူတယ်။ သို့သော် သဘောတူပြီးတဲ့ အချက်တွေသည် အခြားအချက်တွေနဲ့ ချိတ်ဆက်နေတဲ့အတွက် ဆက်ဆွေးနွေးနေရတဲ့ အနေအထားရှိပါတယ်။ နောက်အစည်းအဝေး တစ်ကြိမ်ဆို ပြီးပြတ်သွားမယ့်အနေအထား ရှိတယ်လို့ မျှော်မှန်းပါတယ်။

ဒါကြောင့် အခု (၆) ကြိမ်မြောက်အစည်းအဝေးအပြီး လာမယ့် ဩဂုတ် ၁ ရက်ဆို နေပြည်တော်မှာ တွေ့မယ်။ ဒါတွေပြီးရင် JICM အကြိုအစည်းအဝေး၊ JICM အစည်းအဝေးတွေ လုပ်မယ်။ နောက် UPDJC အစည်းအဝေး ပြီးတာနဲ့ ညီလာခံကိုကျင်းပဖို့ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်" ဟု ဖြေကြားသည်။

NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေးက "အခုက ကျွန်တော်တို့ (၆)ကြိမ်မြောက် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာလကို ကျော်ဖြတ်ရင်းနဲ့ အွန်လိုင်းကနေပဲ ဆွေးနွေးရင်းကနေ ဒါဟာ ပထမဆုံး မျက်နှာစုံညီအစည်းအဝေး ဖြစ်ပါတယ်။ အပိုင်းတစ်မှာ ဦးဇော်ဌေးပြောခဲ့သလို မူဘောင်မှာ ဆက်လက်ဆွေးနွေးဖို့ သုံးချက်ပဲကျန်ပါတယ်။ အပိုင်း နှစ်မှာ ဇယား(၂)ကိုပဲ ဆက်လက်ဆွေးနွေးဖို့ ကျန်ပါတယ်။ အဲဒီမှာလည်း လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းပဲ ဆက်လက်ဆွေးနွေး သဘောတူဖို့ကျန်ရှိပါတယ်။ အပိုင်းသုံးမှာ ရှစ်ချက်ရှိပါတယ်။ အဲဒီမှာ နှစ်ချက်ရရှိပြီး ခြောက်ချက် ဆွေးနွေးဖို့ကျန်ပါတယ်။ အဲဒီမှာလည်း တစ်ချက်နဲ့ တစ်ချက်၊ တစ်ပိုင်းနဲ့တစ်ပိုင်း ချိတ်ဆက်မှုရှိတဲ့အတွက်ကြောင့် ဆွေးနွေးပွဲမပြီးပြတ်သေးတာပါ။ ဩဂုတ် ၁ ရက်ကျရင် နေပြည်တော်မှာ ဆက်လက်ဆွေးနွေးဖို့ သတ်မှတ်ထားပါတယ်။ ဒါတွေပြီးရင် အကျိုးရလဒ်ကောင်း တစ်ခုရမယ်လို့ မျှော်လင့်ပါတယ်" ဟု ဖြေကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းမီဒီယာများက ဩဂုတ်လဒုတိယပတ်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးနှင့် ဆောင်ရွက်သွားမည့် အခြေအနေများကို မေးမြန်းကြသည်။

### ညီလာခံဖိတ်ကြားရေး

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အပစ်ရပ် NCA စာချုပ် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား ဖိတ်ကြားရေးနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ကျွန်တော်တို့ ဘယ်သူမှ မဖိတ်ရသေးပါဘူး။ အခု အစည်းအဝေးတွေ ပြီးရင်တော့ ဖိတ်ကြားသွားဖို့ ရှိပါတယ်။ NCA မထိုးရသေးတဲ့ အဖွဲ့တော်တော်များများကို ဖိတ်ကြားဖို့ ရှိပါတယ်။ ဖိတ်မှာပါ။ နိုင်ငံရေးပါတီတွေလည်း ဖိတ်ရမယ်။ သံတမန်တွေကိုလည်း ဖိတ်ရပါမယ်။ မီဒီယာနဲ့ ပတ်သက်ရင်တော့ ပြန်ကြားရေးဝန်ကြီးဌာနက စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားတာရှိပါတယ်။ အလားတူ ကိုဗစ်-၁၉ ကာလမှာ ကျင်းပရတဲ့ ညီလာခံဖြစ်တာကြောင့် ယခင်ညီလာခံတွေမှာ လေ့လာသူတွေ ခွင့်ပြုတာရှိပေမယ့် အခုတော့ ခွင့်ပြုမှာမဟုတ်ပါဘူး။ ညီလာခံကျင်းပတဲ့ အခင်းအကျင်းကလည်း ယခင်ကလိုမဟုတ်ဘဲ MICC-1 နဲ့ MICC-2 နှစ်နေရာခွဲကျင်းပပါမယ်။ အရင်က MICC-2 မှာသာ ကျင်းပပေမယ့် social distancing အရ အဆင်မပြေတာကြောင့် တကယ့်ကို အရေးပါတဲ့ JICM အစည်းအဝေးတွေ၊ UPDJC အစည်းအဝေးတွေကို MICC-1 မှာ ကျင်းပပါမယ်။ MICC-2 မှာတော့ ဖွင့်ပွဲကျင်းပမယ်။ ခေါင်းဆောင်တွေ တက်ရောက်ပြီး မူဝါဒမိန့်ခွန်းတွေ ပြောကြားပါမယ်။ ကိုဗစ်-၁၉ ကာလမှာ လုပ်ရတာကြောင့် ကိုယ်စားလှယ်အရေအတွက် သုံးပုံတစ်ပုံ လျှော့ချရပေမယ့် ညီလာခံရလဒ်နဲ့ အနှစ်သာရကောင်းတွေရရှိအောင် နှစ်ဖက်ကြိုးစားနေပါတယ်။ နိုင်ငံရေးပါတီ အစုအဖွဲ့တွေကိုလည်း ကျွန်တော်တို့ ရှင်းပြနေပါတယ်" ဟု ဖြေကြားသည်။

### ညီလာခံသို့ နိုင်ငံတကာအဖွဲ့အစည်းများ တက်ရောက်ရေး

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးသို့ နိုင်ငံတကာ အဖွဲ့အစည်းများ တက်ရောက်ရေးနှင့်ပတ်သက်၍ "အခုက နိုင်ငံတကာလေကြောင်းလိုင်းတွေကို ကျွန်တော်တို့ ခွင့်ပြုထားခြင်းမရှိဘူး။ ဒါကြောင့် နိုင်ငံပြင်ပက လာမယ့်သူတွေ အခက်အခဲရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖိတ်ကြားတဲ့ သူက ကိုယ်တိုင်တက်ရပါမယ်။ ကိုယ်စားတက်ရောက်ခွင့် မပြုပါဘူး။ ယခင်က ညီလာခံလာရင် သံတမန်တွေဆို +၁ ခေါ်လာပါတယ်။ မရှိမဖြစ်မှအပ လူပိုခေါ်ခွင့်မရှိပါဘူး။ တက်ရောက်မယ့်သူတွေကလည်း Swab နမူနာယူရပါမယ်။ သတ်မှတ်တဲ့ ဟိုတယ်မှာပဲ နေရပါမယ်" ဟု ဦးဇော်ဌေးက ပြောသည်။

အပစ်ရပ် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ညီလာခံတက်ရောက်ရေးနှင့် ပတ်သက်၍ နိုင်အောင်မငေးက " ကျွန်တော်တို့ NCA-S EAO တွေရဲ့ဆန္ဒက သူတို့ကိုလည်း ဖိတ်ကြားစေချင်ပါတယ်။ အစိုးရကိုလည်း ပြောပြထားပါတယ်။ ဖိတ်ပေးဖို့လည်း တိုက်တွန်းထားပါတယ်။ တက်ရောက်ခြင်း ရှိ၊ မရှိ ကတော့ သူတို့အပိုင်းပါ။ ကျွန်တော်တို့ကတော့ အစိုးရကို ဖိတ်ပေးဖို့ ပြောထားပါတယ်" ဟု ဖြေကြားသည်။ **သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ဒုတိယလှိုင်း

ပါမောက္ခဒေါက်တာမောင်

**နှာခေါင်းစည်းမတပ်သူများ**

စာရေးသူ၏နေအိမ်သည် ရပ်ကွက်တွင်း ဈေးကလေးတစ်ခုနှင့်နီးသဖြင့် ဝရန်တာမှကြည့်လျှင် နေ့စဉ် ဈေးသွားဈေးပြန်များကို မြင်နေရသည်။ လူတွေအကြားတွင် နှာခေါင်းစည်းတပ်သော အမူအကျင့်ကို စိတ်ဝင်စားသဖြင့် ဖြတ်သန်းသွားသူများတွင် နှာခေါင်းစည်းတပ်သူများ၊ မတပ်သူများနှင့် မေးစေ့ချိတ်သူများ အရေအတွက်ကို စောင့်ကြည့်ရေတွက်မိခဲ့သည်။

နံနက် ၉ နာရီမှ ၁၀ နာရီအထိ တစ်နာရီအတွင်း အမျိုးသား ၁၇၁ ဦးနှင့် အမျိုးသမီး ၁၇၄ ဦး စုစုပေါင်း ၃၄၅ ဦးတို့၏ အခြေအနေကို သတိပြုမိခဲ့သည်။

အမျိုးသားများ၏ ၅၆ ဒသမ ၁ ရာခိုင်နှုန်းသည် နှာခေါင်းစည်းတပ်ကြပြီး မတပ်သူများမှာ ၁၈ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ မေးစေ့ချိတ်သူများမှာ ၂၅ ဒသမ ၇ ရာခိုင်နှုန်းတွေ့ရသည်။ အမျိုးသမီးများတွင် နှာခေါင်းစည်းတပ်သူများမှာ ၆၆ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး မတပ်သူများမှာ ၂၅ ဒသမ ၈ ရာခိုင်နှုန်းရှိကာ မေးစေ့ချိတ်သူများမှာ ၇ ဒသမ ၅ ရာခိုင်နှုန်းရှိနေသည်။

အဓိပ္ပာယ်မှာ တစ်နာရီအတွင်း ဖြတ်သန်းသွားလာသူများတွင် အမျိုးသားများ၏ တစ်ဝက်နီးပါး (၄၃ ဒသမ ၈ ရာခိုင်နှုန်း) နှင့် အမျိုးသမီးများ၏သုံးပုံတစ်ပုံ(၃၃ ဒသမ ၃ ရာခိုင်နှုန်း) တို့သည် အကာအကွယ်မဲ့နေကြပြီး ကိုဗစ်-၁၉ ကူးစက်ခံရနိုင်သူများ သို့မဟုတ် (ရောဂါရှိနေလျှင်) ကိုဗစ်-၁၉ ဖြန့်ဖြူးသူများဖြစ်နေကြသည်။

ထိုသူများသည် ကိုဗစ်-၁၉ ရောဂါ မိမိထံရောက်မလာနိုင်ဟူ၍လည်းကောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြီး ပြီးဆုံးသွားပြီဟူ၍လည်းကောင်း ထင်မှတ်ကောင်းထင်မှတ်နေပေလိမ့်မည်။

**မပြီးသေးသော ကိုဗစ်-၁၉ ဇာတ်လမ်း**

နောင် နှစ်ပေါင်းများစွာကြာသောတစ်နေ့တွင် ဤကမ္ဘာကြီးသည် တစ်ချိန်က ကိုဗစ်-၁၉ ဟုခေါ်သော ကပ်ရောဂါကြီးဖြစ်ခဲ့ဖူးသည်ဟု စာရေးသူတို့၏ မြေး၊ မြစ်၊ တီ၊ တွတ်တို့အတွက် ပြောစရာဇာတ်လမ်းတစ်ပုဒ်ဖြစ်လာခဲ့ပေမည်။

သို့သော် ယနေ့အချိန်တွင်မူ ကိုဗစ်-၁၉ ဇာတ်လမ်းသည် ပြီးဆုံးရန် အဝေးကြီးလိုသေးသည်။ ကမ္ဘာတစ်ဝန်းတွင် ဇာတ်ရှိန်တက်နေဆဲဖြစ်သည်။ မည်သည့်အချိန်တွင် မည်သို့ အဆုံးသတ်မည်ဆိုသည်ကိုပင် မှန်းဆ၍ မရသေးချေ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဇူလိုင်လ ၂၈ ရက်နေ့ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် ကူးစက်ခံထားရသူပေါင်း ၁၆ သန်းကျော်ရှိနေပြီး သေဆုံးသူအရေအတွက်မှာ ခြောက်သိန်းကျော်နေပြီဖြစ်သည်။ ထိုကိန်းဂဏန်းများသည်လည်း နေ့စဉ်တိုးပွားလျက်ရှိနေသည်။

အမေရိကန်နိုင်ငံ၏ ထိပ်တန်း ကူးစက်ရောဂါပညာရှင် Dr. Fauci က နေ့စဉ်ကူးစက်ခံရသူများ တိုးပွားလာနေသဖြင့် အမေရိကန်နိုင်ငံ၏အခြေအနေမှာ ဆိုးရွားလာနေကြောင်း ဇူလိုင်လ ၆ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကူးစက်မှုနှုန်းမြင့်တက်လာသဖြင့် ဗစ်တိုးရီးယားပြည်နယ် အဝင်၊ အထွက်ကို ဇူလိုင်လ ၇ ရက်နေ့မှစ၍ ပိတ်ဆို့ထားလိုက်သည်။ ပြည်နယ်အတွင်းရှိ ၆ ဒသမ ၆သန်းသော ပြည်သူလူထု၏ အသွားအလာကို ရဲနှင့်စစ်တပ်က တင်းကျပ်စွာ စောင့်ကြပ်နေရသည်။

အိမ်နီးချင်းဖြစ်သော အိန္ဒိယနိုင်ငံတွင်လည်း နေ့စဉ်ရောဂါဖြစ်ပွားမှုနှုန်းမြင့်မားနေသည်။ ဇူလိုင်လ ၅ ရက်နေ့ တစ်ရက်တည်းတွင် ကူးစက်ခံရသူပေါင်း ၂၅၀၀၀ ရှိခဲ့ပြီး သေဆုံးသူပေါင်း ၆၁၃ ဦးရှိခဲ့သည်။ ဇူလိုင်လ ၂၉ ရက်နေ့အထိ ရောဂါဖြစ်သူပေါင်း ၁၅ သိန်းကျော်ရှိနေပြီး သေဆုံးသူ သုံးသောင်းကျော် ရှိနေပြီဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင်လ ၂၉ ရက်နေ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုပေးပို့သော ကိန်းဂဏန်းအရ ရောဂါဖြစ်သူ နှစ်သိန်းနှစ်သောင်းကျော် ရှိနေပြီး သေဆုံးသူ သုံးထောင်ကျော် ရှိနေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှထုတ်ပြန်သော မြေပုံကို ကြည့်လျှင် မြန်မာနိုင်ငံပတ်ချာလည်တွင် ပွက်လောရိုက်နေသော ကိုဗစ်-၁၉ အခြေအနေကို တွေ့မြင်နိုင်သည်။

**ထင်မှတ်သည်ထက် ပိုမိုဆိုးရွားသော ကိုဗစ်-၁၉ ဗိုင်းရပ်စ်**

မူလက ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို တုပ်ကွေးရောဂါပိုး တစ်မျိုးဟုသာ ထင်မှတ်ခဲ့ကြသည်။

သို့ရာတွင် ရာသီအလိုက်ဖြစ်ပေါ်သော တုပ်ကွေးရောဂါပိုးကဲ့သို့ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းကိုသာ ထိခိုက်ပြီး တစ်ပတ်ဆယ်ရက်အကြာတွင် ပျောက်ကင်းသွားသော ဗိုင်းရပ်စ်မျိုးမဟုတ်ကြောင်း ယနေ့တွေ့ရှိလာကြသည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ဦးခေါင်းမှစ ခြေဖျားအဆုံး တစ်ကိုယ်လုံး ဖျက်ဆီးနိုင်စွမ်းရှိကြောင်း သိလာကြသည်။ လေဖြတ်ခြင်း၊ သတိလစ်ခြင်း၊ အနံ့နှင့်အရသာ ခံစားမှုပျက်စီးစေခြင်းတို့အပြင် နှလုံး၊ ကျောက်ကပ်၊ အသည်း၊ သရက်ရွက်တို့ကိုပါ ဖျက်ဆီးသောဗိုင်းရပ်စ်ဖြစ်ကြောင်း နှလုံးအထူးကုပါရဂူဖြစ်သော Dr.Sadiya Khan, North western Medicine Chicago ၏ မှတ်တမ်းတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ခန္ဓာကိုယ်အတွင်းတွင် ပုန်းအောင်းငုပ်လျှိုး နေနိုင်စွမ်းရှိသော ဗိုင်းရပ်စ်လည်းဖြစ်သည်။ အပျော်စီးသင်္ဘောပေါ်မှ ကူးစက်ခံခဲ့ရသော ဩစတြေးလျနိုင်ငံသူတစ်ဦးသည် ဆေးကုသမှုခံယူအပြီး ပိုးကင်းစင်ပြီးမှ သုံးပတ်အကြာတွင် ပိုးထပ်မံတွေ့ရသဖြင့် ဒုတိယအကြိမ် ကုသမှုခံယူရပြန်သည်။

အောက်စ်ဖို့ဒ် တက္ကသိုလ်မှ Dr.Helen Salisbury သည် ရောဂါလက္ခဏာများကင်းစင်၍ ပိုးမတွေ့တော့သော လူနာ ၁၀ ဦးတွင် တစ်ဦးမှာ ပုံမှန်ကျန်းမာရေးကို ပြန်လည်မရရှိတော့ကြောင်း BMJ ဂျာနယ်တွင် တင်ပြခဲ့သည်။ ဆေးရုံမှဆင်းပြီးနောက် ခေါင်းမူးခြင်း၊ နုံးခွေခြင်း၊ မောပန်းခြင်း၊ အသက်ရှူမဝခြင်း၊ အာရုံစူးစိုက်မှုမလုပ်နိုင်ခြင်း၊ ကြွက်သားများ ကိုက်ခဲခြင်းတို့ ဆက်လက်ဖြစ်ပေါ်နေကြောင်း ဖော်ပြခဲ့သည်။

ထိုတွေ့ရှိချက်များအားလုံးသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် သာမန်တုပ်ကွေးရောဂါပိုးမဟုတ်ဘဲ ဆိုးရွားစွာ ဒုက္ခပေးနိုင်စွမ်းရှိသော ဗိုင်းရပ်စ်မျိုးဖြစ်ကြောင်း ဖော်ပြနေသည်။

ထိုထက်ပို၍ဆိုးရွားသည်မှာ ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်းဖြစ်သည်။

**ဒုတိယလှိုင်း**

ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် လူတစ်ဦး၏ကိုယ်ခန္ဓာအတွင်းတွင် ပုန်းအောင်းငုပ်လျှိုးနေနိုင်သကဲ့သို့ လူထုတစ်ရပ်အတွင်းတွင်လည်း ပုန်းအောင်းငုပ်လျှိုးနေနိုင်သော ဗိုင်းရပ်စ်ဖြစ်သည်။ အခွင့်သာသောအချိန်၊ သတိလက်လွတ်သောအချိန်တွင် ပြန်လည်ထကြွလာနိုင်စွမ်းရှိသည်။

ကူးစက်ခံရသူ အသစ်မတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ပြီဟုယူဆ၍ ကန့်သတ်မှုများကို ဖြေလျှော့ပေးလိုက်သောအချိန်၊ လူအများ သတိလက်လွတ်ပေါ့လျှော့သွားသောအချိန်သည် ဒုတိယလှိုင်း စတင်လာနိုင်သော အချိန်ဖြစ်သည်။

ထိုကဲ့သို့ ဒုတိယလှိုင်းကို ယနေ့အချိန် ဂျပန်၊ ကိုရီးယား၊ ဂျာမနီနှင့် အီရန်နိုင်ငံတို့တွင် ကြုံတွေ့နေကြရသည်။ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်လည်း လတ်တလော ပြန်လည်များလာသော လူနာများနှင့် ရင်ဆိုင်နေရသည်။ ထိုနိုင်ငံများတွင် ဖြေလျှော့ပေးလိုက်သော ကန့်သတ်ပိတ်ပင်မှုများကို ပြန်လည်လုပ်ဆောင်နေကြရသည်။

> **ကူးစက်ခံရသူ အသစ်မတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ပြီဟုယူဆ၍ ကန့်သတ်မှုများကို ဖြေလျှော့ပေးလိုက်သောအချိန်၊ လူအများ သတိလက်လွတ်ပေါ့လျှော့သွားသောအချိန်သည် ဒုတိယလှိုင်း စတင်လာနိုင်သော အချိန်ဖြစ်။**

၁၉၁၈ ခုနှစ် မတ်လတွင်ဖြစ်ပေါ်ခဲ့သော စပိန်တုပ်ကွေးခေါ် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါသည်လည်း ခြောက်လအကြာတွင် ဒုတိယလှိုင်းအသွင်ဖြင့် ထပ်မံပေါ်ပေါက်လာခဲ့ဖူးသည်။ ထိုဒုတိယလှိုင်းသည် ပထမအကြိမ်ထက်များစွာပိုမိုပြင်းထန်ခဲ့သည်။ အမေရိကန်တစ်နိုင်ငံတည်းတွင် အောက်တိုဘာလအတွင်း လူပေါင်းနှစ်သိန်းနီးပါး သေဆုံးခဲ့ရသည်။ ထို့အတူ ၂၀၀၉-၂၀၁၀ ခုနှစ် တွင် ဖြစ်ပွားခဲ့သော $H_1N_1$ တုပ်ကွေးဒုတိယလှိုင်းသည်လည်း ပထမအကြိမ်ထက် ပိုမိုဆိုးရွားခဲ့သည်။

စာရေးသူတို့နိုင်ငံသည် မှန်ကန်သောဦးဆောင်မှု၊ ထိရောက်သောအကောင်အထည်ဖော်မှုနှင့် ပြည်သူလူထု၏ ပူးပေါင်းကူညီမှုတို့ကြောင့် ဆိုးရွားသော အခြေအနေ မရောက်အောင် ထိန်းချုပ်ထားနိုင်ခဲ့သည်။ သို့ရာတွင် ဗိုင်းရပ်စ်သည်လည်းရှိနေ၊ ကူးစက်ခံရမည့်သူများလည်း ရှိနေ၊ ကူးစက်နိုင်သည့် အခြေအနေလည်းရှိနေလျှင် အချိန်မရွေး ပြန်လည်ခေါင်းထောင်ထကြွလာနိုင်သည်။ တောအုပ်ကြီးတစ်ခုလုံးကို လောင်ကျွမ်းပြာကျသွားစေရန် မီးစတစ်စ၊ မီးပွားတစ်စက်သာ လိုအပ်ကြောင်း သတိပြုကြရမည် ဖြစ်သည်။

စာရေးသူတို့အားလုံး၏တာဝန်မှာ ထိုကပ်ရောဂါဆိုးကြီး ခေါင်းထောင်ထကြွမလာရန် လူတိုင်း အသိကိုယ်စီ သတိကိုယ်စီ ထားကြရန်ဖြစ်သည်။

**အသိတရားနှင့်သတိတရား**

စာရေးသူတို့အားလုံးသည် လိုအင်ဆန္ဒနှင့် လက်တွေ့ဘဝတို့ လွန်ဆွဲအားပြိုင်လာလျှင် လိုအင်ဆန္ဒကို အနိုင်ပေးလေ့ရှိကြသည်။ လက်တွေ့ဘဝအရ အိမ်တွင်းတွင် နေရန်ဖြစ်သော်လည်း အပေါင်းအသင်းများနှင့် စားသောက်ဆိုင်တွင် ဆုံတွေ့လိုသောဆန္ဒက အနိုင်ရသွားလေ့ရှိသည်။

ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းအားလုံး၏ အခြေခံအကြောင်းတရားမှာ စာရေးသူတို့အား ဆွဲဆောင်နေသော အာရုံများကြောင့်ဖြစ်သည်။ သို့သော် ထိုအာရုံများ ဆွဲဆောင်ရာသို့ လိုက်ပါမသွားရန် ခုခံတွန်းလှန်နိုင်သော နည်းလမ်းသည် ကံကောင်းထောက်မသဖြင့် စာရေးသူတို့အားလုံးတွင် ရှိနေသည်။ ထိုနည်းလမ်းမှာ သတိတရားဖြစ်သည်။

သတိတရားကို လေ့ကျင့်နိုင်သော သတိပဋ္ဌာန်တရားတော်ကြီးသည် စာရေးသူတို့ အားလုံးနှင့် ရင်းနှီးပြီးသားဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် ၄၅ ဝါ ကာလပတ်လုံး သတိတရားကို အလေးထား ဟောကြားခဲ့ရုံမျှမက ပရိနိဗ္ဗာန်ပြုမည့်အချိန်တွင် နောက်ဆုံးမှာကြားတော်မူခဲ့သော တရားတော်လည်းဖြစ်သည်။

သတိတရားသည် အသိတရားနှင့် ဒွန်တွဲလျက်ရှိသည်။ သတိတရားသည် အသိတရားကို ဖြစ်ပေါ်စေပြီး အသိတရားကြောင့် သတိတရားလည်း ဖြစ်ပေါ်လာသည်။ အသိတရားသည် လေ့လာဆည်းပူးယူရမည့် အရာဖြစ်ပြီး သတိတရားသည် လေ့ကျင့်ထူထောင်ယူရမည့် အရာဖြစ်သည်။

ယခုအချိန်တွင် အရေးတကြီးလိုအပ်နေသည်မှာ ကိုဗစ်-၁၉ ဆိုင်ရာ အသိတရားနှင့် ကိုဗစ်-၁၉ ဆိုင်ရာ သတိတရားတို့ ဖြစ်သည်။ ကိုဗစ်-၁၉ ဆိုင်ရာ အသိတရား ရရှိရန် မပြတ်လေ့လာနေရန်လိုအပ်ပြီး ကိုဗစ်-၁၉ ဆိုင်ရာ သတိတရား ဖြစ်ပေါ်စေရန် မပြတ်လေ့ကျင့်ထူထောင်နေရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြီးသည် စာရေးသူတို့၏ နေ့စဉ်ဘဝလူနေမှုပုံစံကို များစွာပြောင်းလဲစေခဲ့ပြီဖြစ်သည်။ အသိတရားနှင့်သတိတရားကို ဖြစ်ပေါ်စေသော နေ့စဉ်လူနေမှု ပုံစံသစ်တစ်ခုအဖြစ် တစ်ဦးနှင့်တစ်ဦး တွေ့လျှင် နှုတ်ဆက်နေကျ ပဋိသန္ဓာရ စကားဖြစ်သော "မင်္ဂလာပါ" "ကျန်းမာပါရဲ့လား" တို့အပြင် "ယနေ့ ကိုဗစ်-၁၉ အခြေအနေ ဘယ်လိုပါလဲ" ကိုပါ ထည့်သွင်းပြောကြားသင့်သည်ဟု ထင်မြင်မိပါသည်။

ဤတွင် အမြဲမပြတ် သတိတရပြုလုပ်နေရမည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ နှိုးဆော်ချက်များအတိုင်း တတ်နိုင်သမျှ လူစုလူဝေးကိုရှောင်ကြဉ်၍ အိမ်တွင်း၌သာနေထိုင်ရန်၊ အပြင်ထွက်တိုင်းပါးစပ်နှင့် နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်ရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန်နှင့် လက်ကိုမကြာခဏ စနစ်တကျ ဆေးကြောခြင်းတို့ကို လိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ပါ၍ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်ထားနိုင်ပြီး ဒုတိယလှိုင်း ဖြစ်ပေါ်မလာရန် လူတိုင်း အသိတရားနှင့်သတိတရားတို့ကို ကိုယ်စီလက်ကိုင်ထားကြရန် အရေးကြီးပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## မြစ်သား တဲကြီးကျေးရွာ၌ မိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**မြစ်သား ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအကျိုးပြု မျိုးစေ့ထုတ် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မျိုးစေ့ထုတ်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ဝက်ထိန်းကျေးရွာအုပ်စု တဲကြီးကျေးရွာနေ တောင်သူဦးစိုးဝင်း၏ ကွင်းအမှတ်(၄၁၈-ဂ)စိုက်ကွင်း၌ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

သရုပ်ပြပွဲအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က ရောမင်းမျိုးစေ့ထုတ်လုပ်ငန်းအား ဆောင်ရွက်ရခြင်းရည်ရွယ်ချက်မှာ စိုက်ပျိုးသည့် တောင်သူများ မျိုးကောင်းမျိုးသန့်များရရှိပြီး အထွက်နှုန်းတိုးစေရန်နှင့် မျိုးကောင်းမျိုးသန့် မရရှိမှုပြဿနာများအား ဖြေရှင်းနိုင်စေရန်အတွက် ဦးစားပေးဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရောမင်းစပါးမျိုးသည် တစ်ဧကကို ပုံမှန်မျိုး အရည်အချင်းအရ တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိပြီး မျိုးစေ့ထုတ် လုပ်ငန်းအနေဖြင့် ခြောက်တန်း တစ်တန်းစိုက်သည့်အတွက် တစ်ဧက တင်း ၈၀ ထွက်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးခင်မောင်ရည်က မြစ်သားမြို့နယ်၏ မျိုးစေ့ထုတ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခြင်း၊ တောင်သူဦးစိုးဝင်းက လက်ရှိမျိုးစေ့ထုတ်လုပ်ငန်းဧက ၂၀ စိုက်ပျိုးထားရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကာ တက်ရောက်လာသည့် တောင်သူ ၄၅ ဦးက ရောမင်းမျိုးစေ့ထုတ်စိုက်ပျိုးခြင်းကို ကွင်းဆင်းလေ့လာခဲ့ကြသည်။ **ဆုမွန်(ပြန်/ဆက်)**



# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ၂၆၃၆ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ၁၉၆ ဦး ထပ်မံသေဆုံး

**တီဟီရန် ဇူလိုင် ၂၉**

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၃၆ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၉၈၉၀၉ ဦး ရှိလာကြောင်း အီရန်အစိုးရက ယနေ့ အတည်ပြုပြောကြားသည်။

တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၃၆ ဦးအနက် ၁၆၀၄ ဦးသာ ဆေးရုံတင်ခြင်းခံရကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး စီမာဆာဒတ်လာရီက ယနေ့ပြုလုပ်သော ရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။

ထို့အပြင် အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၉၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် ယနေ့အထိ သေဆုံးသူပေါင်း ၁၆၃၄၃ ဦး ရှိလာကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အားလုံးအနက် ၂၅၉၁၁၆ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားပြီး ယခုအချိန်၌ ကိုဗစ်-၁၉ လူနာ ၄၀၂၇ ဦးသာ ဆေးဘက်ဆိုင်ရာ အနီးကပ်စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့် လုပ်ဆောင်ခြင်းနှင့်အတူ နိုင်ငံတစ်ဝန်း၌ ယနေ့အထိ လူဦးရေ ၂၄၀၅၈၆၂ ဦးတို့၏ နမူနာကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၂၅ ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အရှိန်မြင့်မားသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတင်တွေ့ရှိခဲ့ပြီး အဆိုပါ ရောဂါတိုက်ဖျက်ရေးနယ်ပယ်၌ တရုတ်အစိုးရနှင့် အပြန်အလှန်အကူအညီပေးရန် အချင်းချင်း ကမ်းလှမ်းခဲ့ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ





# စင်ကာပူနိုင်ငံ၏ ဇွန်လအတွင်း အလုပ်လက်မဲ့နှုန်း ၂ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်

**စင်ကာပူ ဇူလိုင် ၂၉**

စင်ကာပူနိုင်ငံ၏ ဇွန်လအတွင်း အလုပ်လက်မဲ့နှုန်းသည် ၂ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း စင်ကာပူနိုင်ငံ အမျိုးသားအင်အားစုဝန်ကြီးဌာနက ယနေ့ ကြေညာခဲ့ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၏ အလုပ်သမားဈေးကွက်မြှင့်တင်ရေးဌာနက ယခုနှစ် ဒုတိယသုံးလတာကာလအတွက် ထုတ်ပြန်ချက်အရ စင်ကာပူနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် ပြည်ပနိုင်ငံသားများ၏ အလုပ်လက်မဲ့နှုန်းသည် ၃ ဒသမ ၃ ရာခိုင်နှုန်းမှ ၃ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်းနှင့် စင်ကာပူနိုင်ငံသားများ၏ အလုပ်လက်မဲ့နှုန်းသည် ၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

နိုင်ငံခြားသားအလုပ်သမားများအပါအဝင် စင်ကာပူနိုင်ငံ၏ အလုပ်အကိုင်စုစုပေါင်းသည် ဒုတိယသုံးလတာကာလအတွင်း ၁၂၈၀၀ အထိ လျော့ကျသွားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ စင်ကာပူနိုင်ငံသည် ခရီးသွားလုပ်ငန်းဆိုင်ရာ ကဏ္ဍများတွင်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး ကိုဗစ်-၁၉ ရောဂါအစီအမံများကို ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် အခြားသောနယ်ပယ်ကဏ္ဍများတွင် ပြန်လည်ဦးမော့လာစေမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# အမေရိကန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၃၀၀ နီးပါးသေဆုံး

**ဝါရှင်တန် ဇူလိုင် ၂၉**

အမေရိကန်နိုင်ငံ၌ ဇူလိုင် ၂၉ ရက် တစ်ရက်တည်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် ၁၃၀၀ နီးပါး သေဆုံးခဲ့ပြီး ယင်းအရေအတွက်သည် မေလနောက်ပိုင်း တစ်ရက်အတွင်း သေဆုံးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု ဇန်နဝါရီလအတွင်းက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်မှစတင်ကာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၅၂၃၈၈ ဦး ရှိလာခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ အရီဇိုးနားပြည်နယ်၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဖလော်ရီဒါပြည်နယ်နှင့် တက္ကဆက်ပြည်နယ်တို့သည် ယခုလအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် အများဆုံးဖြစ်ကြောင်းလည်း သိရသည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် နိုင်ငံများအနက် ဖြစ်ပွားမှုအများဆုံးနိုင်ငံဖြစ်ပြီး လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၅၀၀၁၃၀ ဦးရှိခဲ့ကြောင်း၊ ကူးစက်ခံရသူများအနက် ၂၁၈၉၅၉၂ ဦးမှာ ပြန်လည်ကျန်းမာလာခဲ့ကြောင်း သိရသည်။

ကိုးကား-ဂျကာတာပို့စ်၊ ဘာသာပြန်-အလင်းသစ်



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ ရဲစခန်း၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

**ဒါကာ ဇူလိုင် ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ ရဲစခန်း၌ ပေါက်ကွဲမှုတစ်ခု ယနေ့ ဖြစ်ပွားခဲ့ရာ ရဲအရာရှိလေးဦးအပါအဝင် ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ယမန်နေ့က ဖမ်းဆီးခြင်းခံခဲ့ရသော အကြမ်းဖက်သမားသုံးဦးထံမှ သိမ်းဆည်းရရှိခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများမှ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ဒုတိယရဲမင်းကြီး ဝါလစ်ဟောစိန်က ပြောကြားခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် ယနေ့ နံနက် ၇ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဒါကာမြို့ရဲစခန်းသည် လူစည်ကားသောနေရာတွင်တည်ရှိသည့်အတွက် အဆိုပါပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိပြည်သူများ အထိတ်တလန့်ဖြစ်ခဲ့ရသည်ဟု ဒုတိယရဲမင်းကြီး ဝါလစ်ဟောစိန်က ဆိုသည်။

**ထပ်မံစုံစမ်းသွားမည်**

ဖြစ်စဉ်နှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံစုံစမ်းသွားမည်ဖြစ်သည်ဟု ဒုတိယရဲမင်းကြီး ဝါလစ်ဟောစိန်က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ကူးစက်ခံရသူ | ၁၆၉၃၀၉၀၂ ဦး |
| သေဆုံးသူ | ၆၆၄၃၀၀ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၄၉၃၅၉၆ ဦး |

# တရုတ်နိုင်ငံ၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၁ ဦး ထပ်မံတွေ့ရှိ



**ရှန်ဟိုင်း ဇူလိုင် ၂၉**
တရုတ်နိုင်ငံတွင် ယမန်နေ့ ဆေးမှတ်တမ်းများအရ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၁ ဦး စမ်းသပ်တွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါ အရေအတွက်သည် လွန်ခဲ့သောသုံးလအတွင်း တစ်ရက်တာ ကူးစက်မှုနှုန်း အမြင့်မားဆုံးအရေအတွက်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၉၈ ဦးသည် ဒေသတွင်းကူးစက်မှုဖြစ်ပြီး အများစုမှာ ရှီကျန်းမြို့ အနောက်မြောက်ပိုင်းဒေသမှဖြစ်ကြောင်း အမျိုးသား ကျန်းမာရေးကော်မရှင်၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူ ကျန်သုံးဦးမှာ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများ ဖြစ်သည်။

တရုတ်နိုင်ငံအတွင်း ခရီးသွားလာခွင့်များ ပိတ်ပင်ခြင်းနှင့် ရောဂါပိုးရှိ၊ မရှိ ဆေးစစ်မှုများ အရှိန်မြှင့်လုပ်ဆောင်ခြင်းစသည့် ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်ခြင်းဖြင့် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းကို အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော် ဒေသတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှုများ မကြာခဏတွေ့ရှိနေခြင်းသည် ဗိုင်းရပ်စ်ပိုးကို နိုင်ငံအတွင်းမှ အပြီးတိုင် တိုက်ဖျက်ချေမှုန်းရန် အာဏာပိုင်များအတွက် ခက်ခဲလျက်ရှိနေဆဲဖြစ်သည်။

ဧပြီ ၁၃ ရက်တွင် တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၈ ဦး အများဆုံးတွေ့ရှိခဲ့သည်။ ယင်းတို့အနက် အများစုသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

လက်ရှိအချိန်အထိ တရုတ်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၄၀၆၀ ရှိပြီး သေဆုံးသူ ၄၆၃၄ ဦးရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀၉ ဦးရှိပြီး ၃၅ ဦး ထပ်မံသေဆုံး



**ဒါကာ ဇူလိုင် ၂၉**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့သဖြင့် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၃၂၉၄ ဦးရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၃၅ ဦး ထပ်မံသေဆုံးခဲ့ရာ ဘင်္ဂလားဒေ့ရှ်၌ အဆိုပါ ရောဂါကြောင့် ယနေ့အထိ သေဆုံးသူပေါင်း ၃၀၃၅ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ နာဆီမာဆူလ်တနာက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ရောဂါ စမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁၉ ရက်တစ်ရက်အတွင်း လူဦးရေ ၁၄၁၂၇ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ ရောဂါ ကူးစက်ခံရသူ အားလုံး၏ ၁ ဒသမ ၃၁ ရာခိုင်နှုန်းခန့်ရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာမှုနှုန်းမှာ ရောဂါကူးစက်ခံရသူအားလုံး၏ ၅၆ ဒသမ ၁၁ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ထို့အပြင် ဇူလိုင် ၁၉ ရက်က တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၇၈ ဦး ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် ဆေးခန်းများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၃၀၂၉၂ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



# ဖိလစ်ပိုင် အောက်လွှတ်တော် ဒုတိယနာယကဟောင်းတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိ

**မနီလာ ဇူလိုင် ၂၉**
ဖိလစ်ပိုင်အောက်လွှတ်တော် ဒုတိယနာယကဟောင်း မီရိုကွင်ဘိုက ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း သိရသည်။

လက်ရှိတွင် မီရိုကွင်ဘိုသည် သီးခြားခွဲနေလျက်ရှိပြီး ဇနီးဖြစ်သူ လွှတ်တော်အမတ် စတယ်လ်လာကွင်ဘိုနှင့် ကလေးများတွင် ဗိုင်းရပ်စ်ပိုးမတွေ့ရှိကြောင်း ဖေ့စ်ဘွတ်ပို့စ်တစ်ခုအတွင်း မီရိုကွင်ဘိုက ရေးသားခဲ့သည်။

"ကျွန်တော့် မိသားစု၊ ချစ်ခင်ရတဲ့သူတွေနဲ့ ခွဲပြီး သီးသန့်နေလျက်ရှိပါတယ်" ဟု ၎င်းက ဆိုသည်။

အတိုက်အခံ လစ်ဘရယ်ပါတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မီရိုကွင်ဘိုက ၂၀၁၀ ပြည့်နှစ် မှ ၂၀၁၉ ခုနှစ်အထိ အမတ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဇူလိုင် ၂၇ ရက်အထိ အောက်လွှတ်တော်၌ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည့် လွှတ်တော်အမတ် ၂၃ ဦးအထိ ရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လက်ရှိအချိန်ထိ ကိုရိုနာဗိုင်းရပ်စ်ဓာတ်ခွဲအတည်ပြုလူနာ ၈၃၆၇၃ ဦး၊ ရောဂါပိုးကင်းစင်သူ ၂၆၆၁၇ ဦးနှင့် သေဆုံးသူ ၁၉၄၇ ဦးရှိသည်။

**ကိုးကား-အေဘီအက်စ်နယူး**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဂျပန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၁၁၀၀ ခန့် စံချိန်တင်တွေ့ရှိ




**တိုကျို ဇူလိုင် ၂၉**
ဂျပန်နိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၀၀ ခန့် စမ်းသပ်တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါအရေအတွက်သည် တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်မှု စံသတ်မှတ်ချက် ၁၀၀၀ အရေအတွက်ကို ကျော်လွန်ခဲ့ပြီး နေ့စဉ်ကူးစက်မှုအမြင့်မားဆုံး ဖြစ်လာခဲ့သည်။

ယနေ့စစ်တမ်းများအရ အိုဆာကာခရိုင်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၁ ဦးစမ်းသပ်တွေ့ရှိခဲ့သည်။ အဆိုပါ အရေအတွက်သည် အိုဆာကာခရိုင်အတွင်း ဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက် ၂၀၀ ကို ပထမဆုံးအကြိမ်ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

အလားတူ အီချီခရိုင်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၀ ကျော်စမ်းသပ်တွေ့ရှိခဲ့သည်။ အဆိုပါအရေအတွက်သည် အီချီခရိုင်အတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှုစတင်ခဲ့သည့် အချိန်မှစပြီး ကူးစက်မှုအရေအတွက် အမြင့်မားဆုံးဖြစ်သည်။

ထို့ပြင် အိုကီနာဝါခရိုင်တွင် ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ဆက်တိုက် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၀ ထက်မနည်း တွေ့ရှိခဲ့သည်။ ယင်းအရေအတွက်များသည် အမေရိကန်ကာကွယ်ရေးစခန်းရှိ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ပါဝင်ခြင်းမရှိသေးကြောင်း သိရသည်။

မြို့တော်တိုကျိုတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅၀ ကို ယနေ့ စမ်းသပ်တွေ့ရှိခဲ့သည်။ တိုကျိုမြို့၏ နေ့စဉ်ဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်းသည် လွန်ခဲ့သောရက်သတ္တပတ်အတွင်း၌ နေ့စဉ် ၂၀၀ ထက်လျော့နည်းခြင်းမရှိသေးကြောင်း တွေ့ရှိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၄၀၀၀ ကျော် ရှိပြီး ၁၀၀၀ ကျော်သေဆုံးခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ လျှော့ချရန် ကြိုးပမ်းသည့်အနေဖြင့် လူငါးဦးထက် ပိုမိုစုရုံးခြင်းမပြုလုပ်ရန် ဒေသခံများအား အာဏာပိုင်များက တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဇင်ဘာဘွေ၏အကြီးဆုံးဘဏ်၌ ဝန်ထမ်း ၃၅ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ပြီးနောက် ဘဏ်ခွဲခုနစ်ခု ပိတ်ထားရ

**ဟာရာရီ ဇူလိုင် ၂၉**

ဇင်ဘာဘွေနိုင်ငံ၏ အကြီးဆုံးဘဏ်ဖြစ်သည့် CBZ ဘဏ်ဝန်ထမ်း ၃၅ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက် ခံခဲ့ရပြီးနောက် မြို့တော်ဟာရာရီရှိ ယင်း၏ဘဏ်ခွဲခုနစ်ခုနှင့် ရုံးခုနစ်ခုကို ယမန်နေ့က ပိတ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အဆိုပါ ဘဏ်ဝန်ထမ်းများအနက်တစ်ဦးသည် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးခဲ့သည်ဟု CBZ ဘဏ်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဘလယ်ဆင်မူဒါဗန်ဟူက ပြောကြားသည်။

"ဒီနေ့အထိ လူ ၉၀၀ ကျော်ကို ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ဘဏ်ဝန်ထမ်း ၃၅ ဦးမှာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့တာပါ။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတဲ့ ကျွန်တော်တို့ရဲ့ ဝန်ထမ်းတစ်ဦးဟာဆိုရင် ကိုဗစ်-၁၉ ရောဂါနဲ့ ဇူလိုင် ၂၆ ရက်က သေဆုံးသွားပါတယ်" ဟု ၎င်းက ထပ်မံပြောကြားသည်။

သို့သော် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန်အတွက် အဆိုပါ ဘဏ်ခွဲခုနစ်ခုနှင့် ရုံးငါးရုံးတို့ကို ၄၈ နာရီနှင့် ၇၂ နာရီအတွင်း ပြန်လည်ဖွင့်လှစ်နိုင်လိမ့်မည်ဟု မိမိတို့အနေဖြင့် မျှော်လင့်ရကြောင်း မူဒါဗန်ဟူက ထပ်လောင်းပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံရှိ ကုမ္ပဏီအများအပြားသည် ကုမ္ပဏီဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုကိုရပ်ဆိုင်းသို့မဟုတ် ရုံးခွဲများကို ပိတ်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်၌ ဇင်ဘာဘွေနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အရှိန်မြင့်မားလာခဲ့ရာ ရောဂါကူးစက်ခံရသူ ပေါင်း ၂၇၀၂ ဦး ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ






# ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ပထမငါးလတာကာလအတွင်း ကမ္ဘာလုံးဆိုင်ရာခရီးသွားလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ဘီလီယံ၃၂၀ ဆုံးရှုံးမှုရှိခဲ့

**ကုလသမဂ္ဂ ဇူလိုင် ၂၉**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် လူပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်မှုဖြစ်ပေါ်စေခဲ့သည့်အပြင် ၂၀၂၀ ပြည့်နှစ်၏ ပထမငါးလတာကာလအတွင်း ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၂၀ အထိ ဝင်ငွေဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ကုလသမဂ္ဂက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအထိ ခရီးသွားလုပ်ငန်း ဝင်ငွေဆုံးရှုံးမှုပမာဏသည် ၂၀၀၉ ခုနှစ်၏ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအကျပ်အတည်း ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ခရီးသွားလုပ်ငန်း ဝင်ငွေဆုံးရှုံးမှု၏ သုံးဆထက်ပင်များပြားလျက်ရှိကြောင်း စပိန်နိုင်ငံ မက်ဒရစ်မြို့အခြေစိုက် ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့အစည်းက အစီရင်ခံစာတစ်ရပ်တွင် ပြောကြားခဲ့သည်။

နိုင်ငံတကာခရီးသွားများ၏ အဓိကအရင်းအမြစ်နိုင်ငံ နှစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ခရီးသွားကဏ္ဍသည်လည်း ရပ်တန့်လျက်ရှိနေဆဲဖြစ်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့အစည်းက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ယခုနှစ်အတွင်း နိုင်ငံတကာခရီးသွားဝင်ရောက်မှုသည် ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ဖွယ်ရှိသည်ဟု ကုလသမဂ္ဂက မေလအတွင်း ခန့်မှန်းခဲ့ကြောင်း သိရသည်။

ကိုးကား-သည်စထရိတ်တိုင်းမ်
ဘာသာပြန်-အလင်းသစ်

■

# နီပေါနိုင်ငံ၌ မြေပြိုမှုများကြောင့် သုံးဦးသေ၊ ခုနစ်ဦး ပျောက်ဆုံး

**ခတ္တမန္ဒူ ဇူလိုင် ၂၉**

နီပေါနိုင်ငံ ကာလီကော့နှင့် ရှုခွမ်ခရိုင်တို့၌ ဇူလိုင် ၂၇ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူသုံးဦး သေဆုံးခဲ့ပြီး ခုနစ်ဦး ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

မြေပြိုမှုများကြောင့် ရှုခွမ်ခရိုင်တွင် အသက် ၂၂ နှစ်အရွယ် လူငယ်တစ်ဦး၊ အသက် ၁၆ နှစ်အရွယ် တစ်ဦးနှင့် ကာလီကော့ခရိုင်တွင် အသက် ၁၅ နှစ်အရွယ်တစ်ဦး သေဆုံးခဲ့သည်။ ရက်စကော့ဇရိယာတွင် ဇူလိုင် ၂၇ ရက်က မြေပြိုမှုတစ်ခု ဖြစ်ပွားခဲ့ရာ မိသားစုတစ်ခုမှ လူငါးဦး ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

လာလူခရိုင်ရှိ ဆောက်လုပ်ဆဲ လမ်းမကြီးပိုင်းတစ်ခု၌ မြေပြိုမှုတစ်ခုဖြစ်ပွားပြီးနောက် နောက်ထပ် လူတစ်ဦး ပျောက်ဆုံးခဲ့သည်။ ဒါဟန်ခရိုင်တွင်လည်း ယမန်နေ့က အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦး ရေစီးနှင့် မျောပါသွားခဲ့သည်။ ဆိုးရွားသော ရာသီဥတုအခြေအနေက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ထိခိုက်စေကြောင်း ကာလီကော့ခရိုင်ရဲတပ်ဖွဲ့ အကြီးအကဲ ရှာရမ်ဘာဘူ အိုလီယာက ပြောသည်။

အခြားကျေးလက်ဒေသနှစ်ခုတွင် အိမ်လေးလုံး ရေစီးနှင့်အတူ မျောပါသွားခဲ့ပြီး ကာနာလီစကြံလမ်းပိုင်းတစ်လျှောက်ရှိ နီပေါတပ်မတော်က တည်ဆောက်ခဲ့သော ဘေလီတံတားတစ်စင်းလည်း ရေဘေးကြောင့် မျောပါသွားခဲ့သည်။

ကိုးကား - ခတ္တမန္ဒူပို့စ်
ဘာသာပြန် - ကျော်ထိုက်စိုး





# အိန္ဒိယနိုင်ငံတစ်ဝန်း ရေဘေးကြောင့် သေဆုံးသူ ၇၀၀ အထိ ရှိလာ

**နယူးဒေလီ ဇူလိုင် ၂၉**

လက်ရှိ မုတ်သုံရာသီက ယမန်နှစ်ကထက် ပိုမိုဆိုးရွားပြီး အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၁၃ ခုတွင် ရေဘေးနှင့် ဆက်စပ်၍ သေဆုံးသူ ၇၀၀ ကျော် ရှိလာခဲ့ပြီဖြစ်သည်။

ပြည်နယ်အများစုက နောက်ဆုံးအခြေအနေများ အစီရင်ခံခြင်းမရှိသေးသောကြောင့် သေဆုံးသူ မြင့်တက်လာဖွယ်ရှိသည်။ သေဆုံးသူ ၂၀၀ ကျော်မှာ ပြီးခဲ့သောတစ်ပတ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အစိုးရက အမျိုးသားဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့မှအဖွဲ့ ၁၂၇ ဖွဲ့ စေလွှတ်ကာ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ဆောင်လျက်ရှိသည်။

အနောက်ဘင်္ဂလားပြည်နယ်မှာ ရေဘေးကြောင့် သေဆုံးသူ ၁၈၂ ဦးဖြင့် လူသေဆုံးမှုအများဆုံးပြည်နယ်ဖြစ်လာသည်။ ပြည်နယ်အားလုံးက ဘေးအန္တရာယ် တုံ့ပြန်ရေးဗဟိုဌာနသို့ နေ့စဉ်အစီရင်ခံစာ တင်ပြလျက်ရှိသည်။ ချတ်တစ်ဂါ ပြည်နယ်တွင် ရေဘေးကြောင့် လူ ၁၉ ဦး သေဆုံးခဲ့ပြီး မီဂါလာရာပြည်နယ်တွင် ၁၂ ဦး သေဆုံးခဲ့သည်။

အစိုးရက အမျိုးသားဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့ သုံးဖွဲ့စေလွှတ်ခဲ့သည့် ပန်ဂျပ်ပြည်နယ်တွင် ရေဘေးကြောင့် လူခြောက်ဦး သေဆုံးခဲ့သည်။ အိန္ဒိယနိုင်ငံရှိ ပြည်နယ်အများအပြားတွင် ရေကြီးရေလျှံမှုများကြောင့် လူ ၄၇၀ သေဆုံးခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုက ကယ်ဆယ်ရေးလုပ်ငန်းများကို စိန်ခေါ်မှုဖြစ်စေကြောင်း မီဒီယာများက ပြီးခဲ့သည့်အပတ်တွင် ဖော်ပြခဲ့သည်။

ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းခဲ့သူများက ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရန် အသုံးပြုရသော ခပ်ခွာခွာနေစည်းမျဉ်းကြောင့် အခက်အခဲများ ရင်ဆိုင်နေရသည်။

အာသံပြည်နယ်တွင် ပြည်သူ ၁ ဒသမ ၅ သန်းမှာ ရေဘေးရှောင်စခန်း ၅၆၀ ၌ ခိုလှုံနေရပြီး ဥတ္တာပရာဒေ့ရှ် ပြည်နယ်၌ ရေဘေးရှောင်စခန်း ၇၈ ခု ရှိသည်။

ကိုးကား - ပီတီအိုင်
ဘာသာပြန် - ကျော်ထိုက်စိုး

# မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာအမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)မူဆယ်မြို့နေ မသဇ္ဇာဦး(ခ) ယွန်းယွန်း(ခ)မီးမီးနှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နေ မသူဇာတို့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နေ အသက် ၂၈ နှစ်နှင့် အသက် ၂၆ နှစ်အရွယ်ရှိ အမျိုးသမီးနှစ်ဦးအား တရုတ်နိုင်ငံတွင် တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ငွေကျပ် ၂၅ သိန်းရမည်၊ ခြောက်လ/ တစ်နှစ်ခန့် ပေါင်းသင်းရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့မှုအတွက် မူဆယ်မြို့မရဲစခန်းက (ပ) ၃၇၇/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့်လည်းကောင်း၊ အထက်ပါ တရားခံ မသဇ္ဇာဦး(ခ)ယွန်းယွန်း(ခ)မီးမီးနှင့် ဂန့်ဂေါမြို့နယ်နေ မတင်ဇာမိုး(ခ)တင်ဇာတို့သည် ဂန့်ဂေါမြို့နယ်နေ ၂၃ နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးအား တရုတ်အမျိုးသားနှင့်လက်ထပ်ပါက ငွေကျပ် ၂၅သိန်းရမည်၊ တစ်နှစ်ပေါင်းသင်းရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့မှုအတွက် မူဆယ်မြို့မရဲစခန်းက (ပ) ၃၇၈/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် လည်းကောင်း အမှုများဖွင့်လှစ်ခဲ့ပြီး မူဆယ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၄ ရက်တွင် တရားခံ မသူဇာ၊ မတင်ဇာမိုး(ခ)တင်ဇာတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ပြီး တရားခံ မသဇ္ဇာဦး(ခ) ယွန်းယွန်း(ခ) မီးမီးအား နှစ်မှုအတွက် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဖားကန့်၊ တောင်ကြီးနှင့် ကွန်ဟိန်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ခွန်မောင်ငယ်၊ ထွန်းဝင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် ပန်းတင်တံတား အနီး ဖားကန့်- လုံးခင်းသွားကားလမ်းတွင် သန်းလွင်ဦး(ခ)ကိုဦး မောင်းနှင်ပြီး မချိုချိုအောင်(ခ) မချိုလိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅ ပြားကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၉ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် လွယ်ကောင်းကျေးရွာ ကျောက်တစ်လုံးကြီး- တောင်ကြီးသွားကားလမ်းတွင် ကျောက်တစ်လုံးကြီးမှ တောင်ကြီးသို့ ခွန်မောင်ငယ် မောင်းနှင်ပြီး ထွန်းဝင်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကွန်ဟိန်းမြို့နယ် ကာလိမြို့ အမှတ်(၄) ရပ်ကွက်နေ မခိုင်မြင့်လွင်(ခ)အားကျိမ်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သစ် ၃၆၇ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၅၁ ဒသမ ၅၃၀၂ တန်၊ သစ်မာ ၅၉ ဒသမ ၄၆၁၆ တန်၊ အခြား ၁၅၆ ဒသမ ၄၆၂၁ တန် စုစုပေါင်း ၃၆၇ ဒသမ ၄၅၃၉ တန်၊ ပြစ်မှုကျူးလွန်သူ ၃၆ ဦး၊ ယာဉ်/ယန္တရား ၄၂ စီး သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# သံရည်ကျိုလုံအိုး ပေါက်ကွဲရာမှ ငါးဦး ဒဏ်ရာရ

**ပြည်ကြီးတံခွန် ဇူလိုင် ၂၉**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ဧဝရတ်လမ်းနှင့် ကနောင်မင်းသားကြီးလမ်းကြားရှိ ရွှေနန်းတော်သံရည်ကျိုစက်ရုံတွင် ယနေ့ နံနက် ၈ နာရီက သံရည်ကျိုလုံအိုး ပေါက်ကွဲမှုဖြစ်ပွားရာ အလုပ်သမားငါးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးဇော်နိုင်ဦး ပိုင်ဆိုင်သော ရွှေနန်းတော်သံရည်ကျိုလုပ်ငန်းတွင် သံရည်ကျိုရာမှ လုံအိုးပေါက်ကွဲမှုဖြစ်ပွားပြီး သံတို၊ သံစများ လွင့်စဉ်၍ သံရည်ကျိုလုပ်ငန်းလုပ်ကိုင်နေသည့် အလုပ်သမားငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၂၇၀၊ သွင်းကုန် ၃၃၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရေပူရှောင်ကွင်းလမ်းအတွင်း၌ ရှောင်ကွင်းသယ်ဆောင်ရန်စုပုံ၍ အမိုးအကာဖြင့် ဖုံးအုပ်ထားသော ထိုင်းနိုင်ငံထုတ် ဘီယာ Chang တံဆိပ်(1x24) (၂၅ Pkgs)၊ တရားမဝင်ပိတောက်ခားရွေ ၂၅ ချောင်း (သုည ဒသမ ၂၉၈ တန်)၊ တမလန်းခားရွေ ငါးချောင်း (သုည ဒသမ ၀၄၇၆ တန်) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၃၆ သန်းအား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







## အခြားစိန်ခေါ်မှုတွေ



COVID နဲ့နွှယ်တဲ့ ပြဿနာတွေကို စဉ်းစားတဲ့အခါမှာ ကျွန်မတို့ နိုင်ငံရဲ့မြောက်မြားလှစွာသော အခြားစိန်ခေါ်မှုတွေကိုလည်း မြင်လာကြလိမ့်မယ်လို့ ထင်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံရဲ့ ထွန်းသစ်စ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးတိုးတက်မှုတွေ မယိမ်းယိုင်သွားအောင် ထိန်းသိမ်းထားရေး၊ များပြားလှစွာသော ကျွန်မတို့ ပြည်တော်ပြန် အလုပ်သမားများအရေး၊ ပြည်တွင်းစစ်နဲ့ နွှယ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း၊ အနယ်နယ်အရပ်ရပ်ရှိ IDP စခန်းများအတွင်း COVID ရောဂါ ကာကွယ်ရေး၊ မတည်ငြိမ်သေးတဲ့ မြောက်ပိုင်းရခိုင်အရေး။

COVID ရောဂါပေါ်လာလို့ အခြားစိန်ခေါ်မှုတွေက မပျောက်သွားပါဘူး။ COVID အလွန်အတွက်လည်း အခုကတည်းက ပြင်ဆင်ထားရပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ ပြည်သူတွေကို အမြင်ကျယ်စေချင်တယ်၊ စိတ်ခိုင်မာစေချင်တယ်၊ ဝီရိယကောင်းစေချင်တယ်၊ သွေးစည်းစေချင်တယ်။

ပြည်သူတွေဟာ အဓိက မဟုတ်ပါလား။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၉-၄-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
**အမိန့်အမှတ် ၇၉/၂၀၂၀**
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019-COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၆-၄-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃၇/၂၀၂၀ နှင့် ၂၈-၅-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၅၆/၂၀၂၀ တို့ဖြင့် ခြွင်းချက်ပြု ဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၅ ဦးဖြစ်စေ၊ လူ ၅ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယခုအခါ COVID -19 ရောဂါ၏ လက်ရှိဖြစ်ပွားမှုအခြေအနေအရ ( ၁-၈-၂၀၂၀) ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၅ ဦးအစား လူ ၁၅ ဦးဖြစ်စေ၊ လူ ၁၅ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၃။ COVID-19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

---




## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အမေရိကန်သံရုံးမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်အိတ်များလှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်အိတ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသန ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ ဂျော့ချ်ဆစ်ဘလီက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ ဂျော့ချ်ဆစ်ဘလီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်အိတ်များ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ ၆၇၅၀၀ နှင့် ညီမျှသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်အိတ်များကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

---

## မြန်မာသံရုံးဝန်ထမ်းမိသားစုက ငွေကျပ် ၃၅ သိန်း တန်ဖိုးရှိ Patient Monitor ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ The Asia-Pacific Ladies Friendship Society (ALFS)၊ တိုကျိုမြို့ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးမြင့်သူနှင့် သံရုံးဝန်ထမ်းမိသားစုတို့က ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ Patient Monitor ကို ယနေ့တွင် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး (ပူးတွဲတာဝန်)/ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုက လှူဒါန်းရသည့်အကြောင်းရင်းနှင့် ပတ်သက်၍ ပြောကြားပြီး Patient Monitor အား လှူဒါန်းရာ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ ယင်းနောက် ပါမောက္ခ ဒေါက်တာရဲသူရိန်(ဦးနှောက်နှင့် အာရုံကြောခွဲစိတ်) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၉-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၅၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၇၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၃) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၈၈) ခု၊
- စုစုပေါင်း (၁၁၆၀)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၂၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၁) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case- 339) ရှိသဖြင့် စုစုပေါင်း (၂၉၄) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၇၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၈-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂၉-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၄) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၉-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၂) ခု |
| (၂၉-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၇) ခု |
| (၂၉-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၃) ခု |
| (၂၉-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၉၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၉-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၈-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၆၆)ခုတွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၂၉-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၁)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၂၈-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၅၈၃) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၂) ခု
- စုစုပေါင်း (၁,၁၈၄) ခုအား စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၈-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၂၆၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၅၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၉၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၈-၇-၂၀၂၀)ရက်နေ့ COVID -19 ဓာတ်ခွဲစစ်ဆေးမှုများတွင် ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု**
**(၂၉-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားလာခဲ့မှု ရှိ/မရှိ | ဆေးကုသမှုခံယူနေသည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | ကျား | [illegible] | မရှိ | [illegible] | [illegible] | တွေ့ရှိ | [illegible] |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

❒ **စလင်းမြို့နယ်မှ**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညွှန်ကြားချက်စည်းအဝေး၏ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး မဲစာရင်းများ ကြေညာစဉ်ကာလအတွင်း ပြင်ဆင်ဖြည့်စွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ယခုစာရင်းကြေညာထားမှုကို လာရောက်ကြည့်ရှုကြရန် လိုအပ်ကြောင်း၊ အဆိုပါ ကြေညာမှုစာရင်းတွင် မိမိအမည်ပါ၊ မပါ၊ အချက်အလက်မှန်၊ မမှန်စစ်ဆေးခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်သော ပုံစံများကို သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုများရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် ဦးစောနောင်ထွေး၏ ပြောကြားချက်အရ သိရသည်။

**မောင်လွင်(ပြန်/ဆက်)**

■

**ကိုဗစ် - ၁၉ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများ လိုက်နာစို့**

# ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ၊ စုစုပေါင်း ၃၅၁ ဦးရှိသွားပြီ

**နေပြည်တော်  ဇူလိုင်  ၂၉**
ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၁ ဦးရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူ တစ်ဦးမှာ မလေးရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၅၁ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၉၄ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၇၉ ဦး ရှိကြောင်းနှင့် ယမန်နေ့ မွန်းတည့် ၁၂ နာရီမှ ယနေ့ မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၄ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။
**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၂၃၈၁ | ၃၅၁ |
| **ရောဂါပိုးကင်းစင်သွားသူ** | **သေဆုံးသူ** |
| ၂၉၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - [illegible]

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၇၉ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၇ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၅၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန   ၂၉-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၄၅၀၀၁၃၀ | ၂၁၈၉၅၉၂ | ၁၅၂၃၈၈ |
| ဘရာဇီး | ၂၄၈၄၆၄၉ | ၁၇၂၁၅၆၀ | ၈၈၆၃၄ |
| အိန္ဒိယ | ၁၅၅၈၄၄၇ | ၉၉၉၃၁၈ | ၃၄၄၈၅ |
| ရုရှား | ၈၂၈၉၉၀ | ၆၂၀၃၃၃ | ၁၃၆၇၃ |
| တောင်အာဖရိက | ၄၅၉၇၆၁ | ၂၈၇၃၁၃ | ၇၂၅၇ |
| မက္ကဆီကို | ၄၀၂၆၉၇ | ၂၆၁၄၅၇ | ၄၄၈၇၆ |
| ပီရူး | ၃၉၅၀၀၅ | ၂၇၆၄၅၂ | ၁၈၆၁၂ |
| ချီလီ | ၃၄၉၈၀၀ | ၃၂၂၃၃၂ | ၉၂၄၀ |
| စပိန် | ၃၂၇၆၉၀ | စိစစ်ဆဲ | ၂၈၄၃၆ |
| ဗြိတိန် | ၃၀၀၆၉၂ | စိစစ်ဆဲ | ၄၅၈၇၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၄၄၃၂ | ၆၂၁၃၈ | ၄၉၇၅ |
| ဖိလစ်ပိုင် | ၈၅၄၈၆ | ၂၆၉၉၆ | ၁၉၆၂ |
| စင်ကာပူ | ၅၁၅၃၁ | ၄၅၈၉၃ | ၂၇ |
| မလေးရှား | ၈၉၅၆ | ၈၆၁၂ | ၁၂၄ |
| ထိုင်း | ၃၂၉၈ | ၃၁၁၁ | ၅၈ |
| ဗီယက်နမ် | ၄၅၀ | ၃၆၉ | ၀ |
| မြန်မာ | ၃၅၁ | ၂၉၄ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၂၂၆ | ၁၄၇ | ၀ |
| လာအို | ၂၀ | ၁၉ | ၁ |

# ဘိုကလေးမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စု ၃၅၇၀၁ စုအား ထောက်ပံ့ငွေများပေးအပ်



**ဘိုကလေး  ဇူလိုင်  ၂၉**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၇၆ အုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စု ၃၅၇၀၁ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် နိုင်ငံတော်မှ တတိယအကြိမ်အဖြစ် ထောက်ပံ့ပေးလျက်ရှိသည်။

အဆိုပါ ထောက်ပံ့ငွေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စုများ၏ လက်ဝယ်အရောက် ယမန်နေ့မှစတင်၍ ပေးအပ်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဘိုကလေးမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအတွက် မဟာသင်္ကြန်ကာလအတွင်း အခြေခံစားသောက်ကုန် (၅)မျိုးနှင့် ဒုတိယအကြိမ်အဖြစ် ထောက်ပံ့ငွေကျပ် ၁၅၀၀၀ ပေးအပ်ခဲ့ကြောင်း၊ ယခု ထောက်ပံ့ပေးအပ်သည့်ငွေမှာ တတိယအကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# ကိုဗစ်–၁၉ ကြောင့် ပိတ်ထားခဲ့သည့် မယ်စဲ့ ဘီပီ ၁၃ ဂိတ်အား ထိုင်းနိုင်ငံမှ တစ်ပတ်လျှင် သုံးရက် ပြန်လည်ဖွင့်လှစ်

**မယ်စဲ့  ဇူလိုင်  ၂၉**
ကိုဗစ်–၁၉ ရောဂါကြောင့် ပိတ်ထားခဲ့သည့် မြန်မာ–ထိုင်း နယ်စပ် ဘီပီ ၁၃ ဂိတ်အား ထိုင်းနိုင်ငံမှ တစ်ပတ်လျှင် သုံးရက် ပြန်လည်ဖွင့်လှစ်ခဲ့သည့်အတွက် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်လျက်ရှိကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်း တာဝန်ခံ ဦးညီဖြိုးထွန်းထံမှ သိရသည်။

ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် မယ်စဲ့ ဘီပီ ၁၃ ဂိတ်ကို ထိုင်းနိုင်ငံဘက်မှ တရားဝင်ပိတ်ထားခဲ့ပြီး ယခုအခါ တစ်ပတ်လျှင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး သုံးရက် ပြန်လည်ဖွင့်လှစ်ခဲ့ရာ လက်ရှိတွင် မြန်မာနိုင်ငံဘက်မှ ဒေသထွက် ပြောင်း၊ ငရုတ်သီးခြောက်၊ ဆေးပေါ့လိပ်၊ နနွင်း၊ ဂေါ်ဖီထုပ် တို့ကို တင်ပို့ခြင်းနှင့် ထိုင်းနိုင်ငံမှ အချိုမှုန့်၊ ကော်ဖီမစ်၊ အချိုရည်၊ လူသုံးကုန်ပစ္စည်းများ တင်သွင်းလျက်ရှိပြီး မယ်စဲ့ဒေသမှ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်ဖြူကို ထိုင်းနိုင်ငံဘက်မှ ယခုအထိ ဝယ်ယူမှုမရှိသေးကြောင်း သိရသည်။

ပို့ကုန်ပစ္စည်းများကို မြန်မာဂိတ်နှင့် ထိုင်းဂိတ် နှစ်ခုအကြားတွင် မြန်မာဘက်မှ အလုပ်သမားများနှင့် အတင်၊ အချပြုလုပ်ကာ ထိုင်းနိုင်ငံဘက်မှ ယာဉ်မောင်းနှင့် ယာဉ်အကူ အပါအဝင် နှစ်ဦးဖြင့် လာရောက်သယ်ယူလျက်ရှိကြောင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် မယ်စဲ့ကုန်သွယ်ရေးစခန်းအနေဖြင့် ငွေကျပ် ၁ ဒသမ ၅ သန်း (ပို့ကုန် ၁ သန်း၊ သွင်းကုန် ၅ သန်း)လျာထားခဲ့ရာ လက်ရှိတွင် ၂ ဒသမ ၇၁၃ သန်းအထိ ကုန်သွယ်နိုင်ခဲ့သဖြင့် လျာထားချက်ထက်ကျော်လွန်ပြီး ကိုဗစ်–၁၉ ရောဂါကြောင့် မယ်စဲ့ကုန်သွယ်ရေးစခန်းလျာထားချက်ကို ထိခိုက်မှုမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာ အထူးအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့်ကျင်းပသည့် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာ အထူးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။



**အမြင်ချင်းဖလှယ်**

အစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Tran Tuan Anh က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး Kajiyama Hiroshi က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများက အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့တွင် လက်ရှိ ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ အလေ့အကျင့်ကောင်းများနှင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည့် မူဝါဒများကို ဖလှယ်ခြင်းသည် တစ်နိုင်ငံချင်း အောင်မြင်မှုမှ ဒေသတွင်း အောင်မြင်မှုကိုပါ ရရှိစေနိုင်မည်ဖြစ်၍ စည်းလုံးညီညွတ်စွာ ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသော ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လက်ရှိရင်ဆိုင်နေရသည့် အရေးပေါ်ကိစ္စရပ်များနှင့် လူမှုစီးပွားထိခိုက်မှုများကို လျော့နည်းစေရေးအတွက် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု အစီအစဉ်ကိုလည်း ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယခုအစည်းအဝေးတွင် တင်ပြသည့် ASEAN-Japan Economic Resilience Action Plan အား အကောင်အထည်ဖော်ရာတွင် ဂျပန်နိုင်ငံနှင့် အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**အတည်ပြု**

ထို့နောက် တက်ရောက်လာသော နိုင်ငံအလိုက် စီးပွားရေးဝန်ကြီးများက ASEAN-Japan Economic Resilience Action Plan ကို အတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် အတည်ပြုခဲ့သည့် အဆိုပါ လုပ်ငန်းစဉ်သည် ကိုဗစ်-၁၉ ကြောင့် ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် စုပေါင်းတုံ့ပြန်မှုတစ်ခုဖြစ်ပြီး လက်ရှိကြုံတွေ့ရသည့် စိန်ခေါ်မှုများအပြင် ကိုဗစ်-၁၉ အလွန်ကာလတွင် စီးပွားရေး ပြန်လည်ဦးမော့လာစေရေး အစီအစဉ်များဖြစ်သည့် ငွေကြေးထောက်ပံ့မှုများ၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးနှင့် နည်းပညာသစ်များ တီထွင်ဆန်းသစ်နိုင်ရေးအတွက် နည်းပညာထောက်ပံ့မှုများ၊ အစိုးရ-ပုဂ္ဂလိကနှင့် အတတ်ပညာရှင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားပေးသည့် အစီအစဉ်များ၊ smart cities များ ဖြစ်ပေါ်လာစေရေး ပူးပေါင်းဆောင်ရွက်မှုများ၊ Liquefied Natural Gas (LNG) ဈေးကွက် ဖွံ့ဖြိုးလာစေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအမံများကိုပါ ထည့်သွင်းထားသည့်အတွက် အလုံးစုံပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကောလင်းမြို့နယ်၌ တောင်သူ ၃၀၀၀ ကျော်ကို ကိုဗစ်-၁၉ အထူးချေးငွေ ထုတ်ချေးပြီးဖြစ်



**ကောလင်း ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကိုဗစ်-၁၉ အထူးချေးငွေ တစ်ဧကငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် တောင်သူ ၃၀၀၀ ကျော်ကို ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာလ တစ်ဧက ငွေကျပ် ၅၀၀၀၀ နှုန်းကို ဇွန်လကတည်းက စတင်ထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၂၈ ရက်အထိ ကောလင်းမြို့နယ်အတွင်းရှိ တောင်သူ ၃၀၃၄ ဦး၏ ၆၅၄၈ ဧကအတွက် ငွေကျပ် ၃၂၇၄၀၀၀၀၀ ထုတ်ချေးပေးခဲ့ကာ တောင်သူတစ်ဦးလျှင် ၁၀ ဧက အများဆုံး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကောလင်းမြို့နယ်တွင် ကိုဗစ်-၁၉ ကာလ တောင်သူအထူးချေးငွေ ထုတ်ချေးပေးနေသည့် ကိစ္စနှင့်ပတ်သက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ကောလင်းဘဏ်ခွဲ)မှ ဘဏ်မန်နေဂျာ ဦးလွင်မိုးခိုင်က "ကောလင်းမြို့နယ် တစ်မြို့နယ်လုံးမှာ ဧကပေါင်း ၇၁၁၀၀ အတွက် ငွေကျပ် ၃၅၅၅ သန်းကို ထုတ်ချေးပေးဖို့လျာထားတယ်"ဟု ပြောသည်။

အဆိုပါ အထူးချေးငွေများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် ထိခိုက်မှုများရှိနိုင်သည့်အတွက် စိုက်ပျိုးရေးစရိတ် အပိုဆောင်းချေးငွေအဖြစ် ထုတ်ချေးပေးခြင်း ဖြစ်သည်။

ယင်းချေးငွေကို ဇွန်လမှ စက်တင်ဘာလကုန်ပိုင်းအထိ ထုတ်ချေးပေးမည်ဖြစ်ပြီး ချေးငွေအတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်သည်။ ကိုဗစ်အထူးချေးငွေကို မိုးရာသီစိုက်ပျိုးစရိတ် ရရှိသူများအပြင် အခြား သီးနှံများအတွက် စိုက်ပျိုးစရိတ်ရရှိသူများကိုလည်း အလားတူချေးငွေမျိုး ထုတ်ချေးပေးမည်ဖြစ်ပြီး ၂၀၂၀ ခုနှစ် စက်တင်ဘာ ၁၅ ရက် နောက်ဆုံးပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေပေးဆပ်ရန် သတ်မှတ်ထားသည့် နောက်ဆုံးရက်ထက် ကျော်လွန်ခဲ့ပါက ကျသင့် အတိုးအပြင် ကျော်လွန်သည့် ကာလအတွက် ကျပ် ၁၀၀ လျှင် တစ်လ ပြား ၅၀ နှုန်းဖြင့် ဒဏ်တိုးပါ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ထွန်းမင်း**
**(ကောလင်း)**

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၆ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၂၉**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၁၆ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ယနေ့အထိ ၁၇၉၈၀ စုစုပေါင်း ၅၄၉၉၈ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။



ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ အမျိုးသား ၂၀၄ ဦး၊ အမျိုးသမီး ၁၁၂ ဦး စုစုပေါင်း ၃၁၆ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## ကျွန်းစုမြို့၌ အခြေခံပညာကျောင်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ကျွန်းစု ဇူလိုင် ၂၉**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့က အခြေခံပညာကျောင်းများအတွက် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ယနေ့နံနက်ပိုင်းက ကျွန်းစုမြို့နယ် ပညာ့ဗိမာန်ခန်းမ၌ လှူဒါန်းခဲ့ကြောင်း သိရသည်။

ပေးအပ်လှူဒါန်းရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင်က အဖွင့်စကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထူးနေအောင်က ကျွန်းစုမြို့နယ်ရှိ ထက်၊ လယ်၊ မူအဆင့် စာသင်ကျောင်းများ သတ်မှတ်ချိန်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ကူညီပံ့ပိုးထောက်ပံ့ရခြင်းဖြစ်ကြောင်း၊ ဆရာ၊ ကျောင်းသား၊ မိဘများက ပူးပေါင်းပါဝင်မှ စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နေရာအသီးသီးမှအလှူရှင်များ လှူဒါန်းထားသော ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ၃၃၀၀၀၊ အဝတ်နှာခေါင်းစည်း ၁၂၀၀၀၊ အပူချိန်တိုင်းကိရိယာ အခု ၅၀၊ Life Boy ဆပ်ပြာ အတုံး ၁၀၀၀၊ ပိုးသတ်ချွတ်ဆေးဘူး ၅၀၀၊တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံအစုံ ၃၀၊ မျက်နှာကာ ၁၇၅ ခု၊ လက်သန့်ဆေးရည်၃၅ဘူး၊ လက်ဆေးဆပ်ပြာရည်ဘူး၂၅၀နှင့်ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက မျက်နှာကာ ၁၀၀၀၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း ၁၀၀၀၊ လက်အိတ်(အခုတစ်ရာပါ ငါးဘူး)၊ လက်သန့်ဆေးရည် (မီလီမီတာ ၅၀၀ ဝင် ဘူး ၃၀)၊ လက်သန့်ဆေးရည် လေးလီတာ ၁၀ ပုံး၊ လက်ဆေးဆပ်ပြာ မီလီ ၅၀၀ ပုံး ၃၀၊ လက်ဆေးဆပ်ပြာရည် ၃ ဒသမ ၅ ကီလိုမီတာဝင် ၁၀ ဘူး၊ အပူချိန်တိုင်းကိရိယာ ၁၀ လုံးတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက လက်ခံရယူခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းမာက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ကျွန်းစုမြို့နယ်တွင် အထက်တန်းအဆင့် ၂၅ ကျောင်း၊ အလယ်တန်းအဆင့် ၆၃ ကျောင်း၊ မူလတန်းအဆင့် ၇၇ ကျောင်း စုစုပေါင်း ၁၆၅ ကျောင်းရှိပြီး စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(၂) အခြားစာချုပ်ဝင်နိုင်ငံတွင် လုပ်ငန်းလည်ပတ်မှုစရိတ်ရှိသည့် လုပ်ငန်း (active business) တစ်ရပ်ကို ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်ပြီး ယင်းကုမ္ပဏီမှ ရရှိသည့် မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေသည် ထိုလုပ်ငန်းမှ ရရှိခြင်း။

(င) ဤပုဒ်မတွင် –

(၁) **“လုပ်ငန်းလည်ပတ်မှုစရိတ်လုပ်ငန်း (active business)”** ဆိုရာတွင် ကုမ္ပဏီသည် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု သို့မဟုတ် အာမခံကုမ္ပဏီတစ်ခု မဟုတ်လျှင် အစုရှယ်ယာများ၊ ငွေချေးသက်သေခံလက်မှတ်များ၊ သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှုများကို လက်ဝယ်ရယူထားသည့် သို့မဟုတ် စီမံခန့်ခွဲနေသည့် လုပ်ငန်း၊ သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်ခြင်း မရှိစေရ။

(၂) **“ပြည်ထောင်အချင်းချင်းချုပ်ဆိုသော အခွန်ဆိုင်ရာ သဘောတူစာချုပ်များ”** ဆိုသည်မှာ အခွန်နှစ်ထပ်ကျသင့်မှုကို ရှောင်ရှားရန်နှင့် အခွန်ဘဏ္ဍာ ရှောင်တိမ်းမှုများကို ကာကွယ်တားဆီးရန် မြန်မာနိုင်ငံအစိုးရနှင့် ပြည်ပအစိုးရတစ်ရပ် သို့မဟုတ် အစိုးရများအကြားပြုလုပ်သည့် သဘောတူညီချက်တစ်ရပ်ကို ဆိုသည်။

**အပိုင်း (၉)**

**ဝင်ငွေနှင့် နုတ်ပယ်မှုများဆိုင်ရာ အထွေထွေစည်းမျဉ်းများ**

**ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်များ**

၅၂။ (က) ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်သည် ပုဂ္ဂိုလ်တစ်ဦး ရရှိသည့် ငွေသားဖြင့်မဟုတ်သည့် မည်သည့်အကျိုးခံစားခွင့်မဆို ဖြစ်သည်။

(ခ) ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်ဖြစ်သည့် ငွေကြေးပမာဏတစ်ရပ်သည် စည်းကြပ်ထိုက်သောဝင်ငွေတွင် ပါဝင်ခြင်းရှိမရှိ ဆုံးဖြတ်ရာ၌ ယင်းအကျိုးခံစားခွင့်ကို ငွေသားအဖြစ်ဖလှယ်နိုင်ခြင်း မရှိဟူသည့်အချက်ကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ စည်းကြပ်ထိုက်သောဝင်ငွေတွင် ပါဝင်သည့် ငွေသား မဟုတ်သည့် အကျိုးခံစားခွင့်၏ ငွေကြေးပမာဏသည် ယင်းငွေကြေးပမာဏကို ရရှိသည့်အချိန်တွင် လွှဲပြောင်းမှုဆိုင်ရာ မည်သည့်ကန့်သတ်ချက်ကိုမဆို လျစ်လျူရှုခြင်းဖြင့် ဆုံးဖြတ်သတ်မှတ်သည့် ယင်းအကျိုးခံစားခွင့်၏ ပြင်ပဈေးကွက်ပေါက်ဈေးဖြစ်သည်။

(ဃ) ဇယား (၂) ရှိ တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂) အရ အလုပ်အကိုင်မှဝင်ငွေတွင် ပါဝင်သည့် ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်အပေါ် အကျိုးသက်ရောက်စေရမည်။

**ဝင်ငွေအမျိုးအစားများ**

၅၃။ (က) ဤပုဒ်မသည် အောက်ပါတစ်ခုခုနှင့် စပ်လျဉ်းသည့် အသုံးစရိတ် သို့မဟုတ် အရှုံးပေါ်တွင် အကျိုးသက်ရောက်စေရမည် –

(၁) ဝင်ငွေအမျိုးအစား တစ်ခုထက်ပို၍ ရရှိခြင်း၊

(၂) ဝင်ငွေအမျိုးအစားတစ်ခုနှင့် အခြားရည်ရွယ်ချက်တစ်စုံတစ်ခုကို ရရှိခြင်း။

(ခ) ဤပုဒ်မနှင့် အကျုံးဝင်သည့်အခါ အသုံးစရိတ် သို့မဟုတ် အရှုံးနှင့် ဆက်စပ်သည့် လုပ်ဆောင်ချက်များ သို့မဟုတ် ရည်ရွယ်ချက်များနှင့် လျော်ညီသည့် သဘောသဘာဝနှင့် အရွယ်အစားတို့ကို ထည့်သွင်းစဉ်းစားလျက် ယင်းအသုံးစရိတ် သို့မဟုတ် အရှုံးကို ကျိုးကြောင်းဆီလျော်သည့် အခြေခံဖြင့် ခွဲဝေရမည်။

(ဂ) အောက်ပါတို့သည် သီးခြားဝင်ငွေအမျိုးအစားများဖြစ်ကြသည် –

(၁) အလုပ်အကိုင်တစ်ခုမှ ဝင်ငွေ၊

(၂) လုပ်ငန်းတစ်ခုမှ ဝင်ငွေ၊

(၃) ရင်းနှီးမြှုပ်နှံမှုတစ်ခုမှ ဝင်ငွေ၊

(၄) ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေ။

**ဝင်ငွေ၏ မူလရင်းမြစ် ရပ်စဲခြင်း**

၅၄။ (က) ဤပုဒ်မသည် အောက်ပါအခြေအနေများတွင် အကျိုးသက်ရောက်စေရမည် –

(၁) ပုဂ္ဂိုလ်တစ်ဦး အခွန်နှစ်တစ်နှစ်အတွင်း ငွေကြေးပမာဏတစ်ရပ်ကို ရရှိလာစေသည့် လုပ်ငန်းတစ်ခု၊ လုပ်ဆောင်ချက်တစ်ရပ်၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်သည် ယင်းဝင်ငွေမရရှိမီ ရပ်တန့်သွားခဲ့ခြင်းနှင့်

(၂) ယင်းငွေကြေးပမာဏကို ယင်းလုပ်ငန်း၊ လုပ်ဆောင်ချက်၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု မရပ်စဲမီ ရရှိခဲ့ခြင်းဖြစ်သည်ဟု ယူဆပါက ယင်းကို ထိုပုဂ္ဂိုလ်၏ စည်းကြပ်ထိုက်သောဝင်ငွေတွင် ထည့်သွင်းခဲ့မည် ဖြစ်ခြင်း။

(ခ) ဤပုဒ်မသည် ငွေကြေးပမာဏတစ်ရပ်အပေါ် အကျိုးသက်ရောက်သည့်အခါ ယင်းငွေကြေးပမာဏကို ရရှိသည့်အချိန်တွင် ယင်းလုပ်ငန်း၊ လုပ်ဆောင်ချက်၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုသည် ရပ်စဲခြင်း မပြုသေးဟု ယူဆလျက် ဤဥပဒေသည် ယင်းငွေကြေးပမာဏအပေါ် အကျိုးသက်ရောက်စေရမည်။

**အခန်း ( ၄ )**

**ဝင်ငွေခွန်ကို ပုဂ္ဂိုလ်များအပေါ် သက်ရောက်စေခြင်း**

**အပိုင်း (၁)**

**တစ်ဦးချင်းပုဂ္ဂိုလ်များ**

**တစ်ဦးချင်းပုဂ္ဂိုလ်များအပေါ် အခွန်ကောက်ခံခြင်း**

၅၅။ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးစီ၏ အခွန်စည်းကြပ်ရန်ဝင်ငွေကို သီးခြားစီ တွက်ချက်ရမည်။

**အပိုင်း (၂)**

**ပညာသည်အစုစပ်လုပ်ငန်းများ**

**ပညာသည်အစုစပ်လုပ်ငန်းများအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာ အခြေခံမူများ**

၅၆။ (က) ပညာသည်အစုစပ်လုပ်ငန်းများ၏ ဝင်ငွေ၊ အသုံးစရိတ်များနှင့် အရှုံးများကို ဤအပိုင်းနှင့်အညီ အစုဝင်များထံမှ အခွန်ကောက်ခံရမည်။

(ခ) စာဖြင့်ရေးသားထားသည့် အစုစပ်လုပ်ငန်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရှိခြင်း၊ မရှိခြင်းသည် ပုဂ္ဂိုလ်များအကြား ပညာသည် အစုစပ်လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးတစ်ရပ် ရှိ၊ မရှိ ယတိပြတ် ဆုံးဖြတ်ရန် အကြောင်းတရားမဖြစ်စေရ။

(ဂ) ပညာသည်အစုစပ်လုပ်ငန်းတစ်ရပ်သည် အစုစပ်လုပ်ငန်း၏ ဝင်ငွေကြေညာလွှာကို ပုဒ်မ ၈၉၊ ပုဒ်မခွဲ (ဂ) နှင့်အညီ တင်သွင်းရမည်ဖြစ်သော်လည်း ဝင်ငွေခွန် ပေးဆောင်ရန် တာဝန်မရှိစေရ။

(ဃ) ပညာသည်အစုစပ်လုပ်ငန်းတစ်ရပ်၏ လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ တင်သွင်းရန်ရှိသည့် မည်သည့် ရွေးကောက်တင်မြှောက်မှု၊ အကြောင်းကြားစာ သို့မဟုတ် ဖော်ပြချက်မဆိုကို ယင်းပညာသည် အစုစပ်လုပ်ငန်းက တင်သွင်းရမည်ဖြစ်ပြီး ယင်းသည် အစုဝင်များအားလုံးအပေါ် စည်းနှောင်မှုရှိစေရမည်။

(င) ပညာသည်အစုစပ်လုပ်ငန်းတစ်ခုတွင် အစုဝင်တစ်ဦး၏ အကျိုးစီးပွားသည် ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်တစ်ခုဖြစ်သည်။

(စ) ပညာသည်အစုစပ်လုပ်ငန်းတစ်ခုတွင် ပြည်ပနေအစုဝင်တစ်ဦး သို့မဟုတ် အစုဝင်များ ပါရှိနေပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ပြည်တွင်းနေအစုဝင်တစ်ဦးစီကို ပြည်ပနေယင်းအစုဝင် သို့မဟုတ် ယင်းအစုဝင်များ၏ ကိုယ်စားပြုဆောင်ရွက်သူအဖြစ် မှတ်ယူရမည်။

**ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အခွန်စည်းကြပ်ရန် ဝင်ငွေနှင့် အသားတင်အရှုံး**

၅၇။ (က) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အခွန်နှစ်တစ်နှစ်အတွက် အခွန်စည်းကြပ်ရန်ဝင်ငွေကို အောက်ပါ ပုံသေနည်းအတိုင်းတွက်ချက်ရမည် –

A – B

ယင်းတွင် –

A သည် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ ထိုနှစ်အတွက် စည်းကြပ်ထိုက်သော ဝင်ငွေ စုစုပေါင်းဖြစ်ပြီး ယင်းပညာသည် အစုစပ်လုပ်ငန်းသည် ပြည်တွင်းနေပုဂ္ဂိုလ် ဖြစ်ဘိသကဲ့သို့ တွက်ချက်ထားခြင်းဖြစ်သည်၊

B သည် ယင်းပညာသည်အစုစပ်လုပ်ငန်းက အစိတ်အပိုင်း A တွင် ရည်ညွှန်းသည့် စည်းကြပ်ထိုက်သောဝင်ငွေ ရရှိအောင် ဆောင်ရွက်ရာ၌ ကျခံခဲ့ရသည့် အသုံးစရိတ်များ သို့မဟုတ် အရှုံးများ၏ အတိုင်းအတာအထိ ဤဥပဒေအရ နုတ်ပယ်ခွင့်ပြုသည့် စုစုပေါင်း ငွေကြေးပမာဏဖြစ်ပြီး ယင်းတွင် ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၅ တို့အရ ခွင့်ပြုသည့် နုတ်ပယ်မှုများ ပါဝင်ခြင်းမရှိစေရ။

(ခ) ပုဒ်မခွဲ (က) ရှိ ပုံသေနည်း၏ အစိတ်အပိုင်း B သည် အခွန်နှစ်တစ်နှစ်အတွက် အစိတ်အပိုင်း A ကို ကျော်လွန်လျှင် ယင်းသို့ကျော်လွန်သည့် ငွေကြေးပမာဏသည် ယင်းနှစ်အတွက် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ အသားတင်အရှုံး ဖြစ်သည်။

(ဂ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) တွင် မည်သို့ပင်ဆိုစေကာမူ ဤပုဒ်မအရ ပညာသည်အစုစပ် လုပ်ငန်းတစ်ခု၏ အခွန်စည်းကြပ်ရန်ဝင်ငွေ သို့မဟုတ် အသားတင်အရှုံးကို တွက်ချက်ရန် ရည်ရွယ်ချက်များအလို့ငှာ ယင်းပညာသည် အစုစပ်လုပ်ငန်း၏ စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ အခွန်ပေးဆောင်ရန်ရှိသည့် ငွေကြေးပမာဏများ ပါဝင်စေရမည်။

**ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အစုဝင်များအပေါ် အခွန်ကောက်ခံခြင်း**

၅၈။ (က) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပညာသည်အစုစပ်လုပ်ငန်းတစ်ခုရှိ အစုဝင်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် စည်းကြပ်ထိုက်သော ဝင်ငွေတွင် ထိုနှစ်အတွက် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ အခွန်စည်းကြပ်ရန်ဝင်ငွေရှိ ယင်းအစုဝင်၏ ဝေစုလည်း ပါဝင်သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အစုဝင်တစ်ဦးအား အခွန်နှစ်တစ်နှစ်အတွက် ယင်းပညာသည် အစုစပ်လုပ်ငန်း၏ အသားတင်အရှုံးတွင် ပါဝင်သည့် ယင်းအစုဝင်၏ ဝေစုကို ထိုနှစ်အတွက် နုတ်ပယ်ခွင့်ပြုသည်။

(ဂ) ပညာသည်အစုစပ်လုပ်ငန်းတစ်ခုရှိ အစုဝင်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွင်း မည်သည့်ကာလ၌မဆို ပြည်ပနေပုဂ္ဂိုလ်ဖြစ်ပါက ပုဒ်မခွဲ (က) နှင့် (ခ) တို့သည် ယင်းပညာသည်အစုစပ်လုပ်ငန်းက ယင်းကာလအတွင်း ရရှိသော မြန်မာနိုင်ငံရင်းမြစ်မှဝင်ငွေမှ ပေါ်ပေါက်သည့် အခွန်စည်းကြပ်ရန်ဝင်ငွေ သို့မဟုတ် အသားတင်အရှုံး အနက်မှ ယင်းအစုဝင်၏ဝေစုအပေါ်၌သာ အကျိုးသက်ရောက်စေရမည်။

(ဃ) ပုဒ်မခွဲ (ဂ) ၏ ရည်ရွယ်ချက်များအလို့ငှာ မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေသို့ ရည်ညွှန်းချက်တွင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ အခွန်ကျသင့်သည့် ငွေကြေးပမာဏများ ပါဝင်ခြင်းမရှိစေရ။

(င) ပုဒ်မခွဲ (က) အရ ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အခွန် စည်းကြပ်ရန်ဝင်ငွေ၊ သို့မဟုတ် ပုဒ်မခွဲ (ခ) အရ ပညာသည် အစုစပ် လုပ်ငန်းတစ်ခု၏ အသားတင်အရှုံးအနက်မှ ပြည်တွင်းနေ အစုဝင် တစ်ဦး၏ ဝေစုတွင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် အကျုံးဝင်သည့် ဝင်ငွေပါဝင်လျှင် ယင်းအစုဝင်သည် ယင်းဝင်ငွေနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပေးဆောင်ခဲ့သည့်အခွန်အနက်မှ ယင်းအစုဝင်၏ဝေစုအတွက် အခွန်ခုနှိမ်မှုကို ရပိုင်ခွင့် ရှိသည်။

(စ) ပုဒ်မခွဲ (င) အရ ပြည်တွင်းနေအစုဝင်တစ်ဦးသို့ အခွန်နှစ် တစ်နှစ်အတွက် ခွင့်ပြုသည့် အခွန်ခုနှိမ်မှုတစ်ရပ်ကို ယင်းနှစ်အတွက် ယင်းအစုဝင်၏ ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်ရှိသည့် ပမာဏမှ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၃ နှင့်အညီ ခုနှိမ်စေရမည်။

(ဆ) ပညာသည်အစုစပ်လုပ်ငန်းတစ်ခုက ရရှိသည့် ဝင်ငွေ သို့မဟုတ် ကျခံသည့် အသုံးစရိတ် သို့မဟုတ် အရှုံး၏ နေရာဒေသဆိုင်ရာ ရင်းမြစ်နှင့် အမျိုးအစားတို့နှင့် စပ်လျဉ်းသည့် သဘောသဘာဝသည် အစုဝင်များ၏ လက်ဝယ်၌ ဆက်လက်တည်ရှိနေပြီး အစုဝင်များအကြား သက်ဆိုင်ရာ အချိုးအစားအလိုက် ခွဲဝေရရှိကြသည်ဟု မှတ်ယူရမည်။

(ဇ) ပုဒ်မခွဲ (ဈ) နှင့် မဆန့်ကျင်စေဘဲ ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အခွန်စည်းကြပ်ရန်ဝင်ငွေ သို့မဟုတ် အသားတင်အရှုံးအနက်မှ အစုဝင်တစ်ဦး၏ဝေစုသည် အစုစပ်သဘောတူညီချက်တွင် ဖော်ပြထားသည့်အတိုင်း ယင်းပညာသည် အစုစပ်လုပ်ငန်း၏ ဝင်ငွေတွင်ပါဝင်သည့် ယင်းအစုဝင်၏ အကျိုးစီးပွားရာခိုင်နှုန်းနှင့် ညီမျှသည်။

(ဈ) အစုစပ်သဘောတူညီချက်ပါ ဝင်ငွေခွဲဝေမှုသည် အစုဝင်များက ယင်းပညာသည် အစုစပ်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် စိုက်ထုတ်မှုအတိုင်းအတာကို ထင်ဟပ်နိုင်ခြင်းမရှိလျှင် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ အခွန်စည်းကြပ်ရန် ဝင်ငွေ သို့မဟုတ် အသားတင်အရှုံးတွင် ပါဝင်သည့် အစုဝင်တစ်ဦး၏ ဝေစုသည် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ မတည်ငွေရင်းတွင် ပါဝင်သည့် ယင်းအစုဝင်၏ အကျိုးစီးပွားရာခိုင်နှုန်းနှင့် ညီမျှသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြည်သူသို့ အသိပေးနှိုးဆော်

မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှု အခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

သို့ဖြစ်ရာ ယခုကာလ၌ ပုံမှန်ရေကြီးရေလျှံခြင်းမျိုးသာမက လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ မြေပြိုမှုများနှင့်ပတ်သက်၍လည်း အထူးသတိထားရန်လိုအပ်ကြောင်းနှင့် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်-

- မိုးလေဝသသတင်းများနှင့် ထူးခြားမြစ်ရေအခြေအနေထုတ်ပြန်ချက်များကို သတိပြုနားထောင်ပါ။
- အသက်ကယ်အင်္ကျီ၊ ဘောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ ကားတာယာကျွတ် အစရှိသည့် အရေးပေါ် အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။
- မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားများဖြင့် ကြိုတင်မှတ်သားထားရှိပါ။
- တောင်ပေါ်ဒေသများ၊ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုပါ။ လျှပ်တစ်ပြက်ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။
- မြစ်၊ ချောင်းကမ်းပါးများနှင့် အလွန်နီးကပ်စွာ နေထိုင်သူများ၊ သဲသောင်ပြင်များတွင် သီးနှံစိုက်ပျိုးကြသူများ လိုအပ်ပါက အန္တရာယ်လွတ်ကင်းသည့်နေရာများသို့ ခေတ္တပြောင်းရွှေ့နေထိုင်ပါ။
- ရေကြီးသောဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်။ တောင်ကုန်း၊ တောင်စောင်းများအနီးတွင် နေထိုင်သူများ တောင်ပြိုကျမှုအန္တရာယ်ကို သတိထားပါ။
- ရေထဲတွင် မလိုအပ်ဘဲ ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။ မလွှဲမရှောင်သာ ရေထဲဖြတ်လျှောက်ရပါက တုတ်ဖြင့် စမ်းထောက်ပြီးသွားပါ။
- ရေကြီးနေစဉ် တောင်ကျချောင်းများ၌ လူ၊ တိရစ္ဆာန်၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကား မဖြတ်ကူးပါနှင့်။ ရေစီးနှင့်မျောပါတတ်ပါသည်။
- ရေကြီးနေချိန်၊ ရေကြီးပြီးချိန်များတွင် လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှ ဝေးဝေးနေပါ။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။ မြွေနှင့်အဆိပ်ရှိသောသတ္တဝါများ၏ အန္တရာယ်ကို သတိပြုပါ။

ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များ၊ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်၊ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ပဲခူး၌ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထုတ်ပေး

**ပဲခူး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် ယနေ့ နံနက် ၁၀ နာရီက လူမှုဖူလုံရေး အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းလျှောက်ထားသည့် စက်ရုံများအနက်မှ ဆဋ္ဌမအကြိမ်အဖြစ် စက်ရုံ ၂၀ အား ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထုတ်ပေးနေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး၊ လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် အလုပ်သမားဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဇင်ကေသွယ်တို့က စက်ရုံအလုပ်ရုံများကို ကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းရေးအဖွဲ့က စစ်ဆေးသည့်ကာလအတွင်း ယာယီပိတ်သိမ်းထားသည့် ပဲခူးမြို့နယ်အတွင်းရှိ စက်ရုံ ၂၀ မှ လူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းရရှိသူ စုစုပေါင်းအာမခံအလုပ်သမား ၈၅၂၀ တို့အတွက် ထောက်ပံ့ငွေ ၂၅၄၁၂၆၃၉၁ ဒသမ ၃၃ ကျပ်အား သက်ဆိုင်ရာစက်ရုံများမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ပဲခူးမြို့နယ်အတွင်း လူမှုဖူလုံရေးထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထုတ်ပေးရန် လျှောက်ထားသည့် စက်ရုံ အလုပ်ရုံများအနက်မှ ပထမအကြိမ်တွင် ငါးရုံ၊ ဒုတိယအကြိမ်တွင် နှစ်ရုံ၊ တတိယအကြိမ်တွင် ၂၂ ရုံ၊ စတုတ္ထအကြိမ်တွင် ၁၃ ရုံ၊ ပဉ္စမအကြိမ်တွင် ခြောက်ရုံ၊ ယခု(ဆဋ္ဌမ)အကြိမ်တွင် ရုံ ၂၀ စုစုပေါင်း စက်ရုံ၊ အလုပ်ရုံ ၆၈ ရုံ ထုတ်ပေးပြီးဖြစ်ပြီး ကျန်ရှိသည့် စက်ရုံအလုပ်ရုံများကိုလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ရန်ကုန်မြို့ရှိ ဆေးရုံကြီး ၁၂ ရုံ၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂၉**

လူထုအခြေပြုပရဟိတအဖွဲ့ We Love Yangon (သဃ်န်းကျွန်း) က ဦးဆောင်၍ ရန်ကုန်မြို့တွင်းရှိ ဆေးရုံကြီး ၁၂ ရုံ၌ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းအစီအစဉ်ကို ယခုလတတိယပတ်မှစတင်ကာ လကုန်ပိုင်းအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အလှူရှင်ကတော့ Getz Pharma ပေါ့။ ကျွန်တော်တို့အဖွဲ့က လိုက်လံစိုက်ပျိုးပေးတာပါ။ အဓိကကတော့ ရန်ကုန်မြို့ကြီး စိမ်းလန်းစိုပြည်သာယာလှပစေဖို့ ရည်ရွယ်စိုက်ပျိုးခြင်းဖြစ်ပါတယ်" ဟု We Love Yangon (သဃ်န်းကျွန်း)တာဝန်ခံ ဦးကိုကိုနိုင်က ပြောသည်။

သစ်ပင်စိုက်ပျိုးသည့်ဆေးရုံကြီးများမှာ သဃ်န်းကျွန်းစံပြဆေးရုံ၊ ရန်ကုန်ပြည်သူ့ဆေးရုံ၊ ရန်ကုန်အနောက်ပိုင်း အထွေထွေရောဂါကုဆေးရုံ၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ အရိုးရောဂါကုဆေးရုံ၊ အလုပ်သမားဆေးရုံ၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ သန်လျင်အထွေထွေရောဂါကုဆေးရုံ၊ စိတ်ကျန်းမာရေးဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံ၊ ဝေဘာဂီဆေးရုံနှင့် တောင်ဥက္ကလာပအမျိုးသမီးဆေးရုံတို့ဖြစ်သည်။ စိုက်ပျိုးသောအပင်များတွင် အရိပ်ရပင်များ၊ သီးပင်စားပင်များ၊ ပန်းအလှပင် များနှင့် အခြားသစ်ပင်မျိုးများပါဝင်ကာ ဆေးရုံတစ်ရုံလျှင် အပင် ၈၀ ခန့် လိုက်လံစိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။ **အေးမင်းသူ**



## ဒစ်ဂျစ်တယ်ပရိသတ်များပါဝင်ရန် ဈေးကွက်မဟာဗျူဟာဆိုင်ရာ ဆွေးနွေးပွဲသို့ MRTV မှ ဝန်ထမ်းများတက်ရောက်

**နေပြည်တော် ဇူလိုင် ၂၉**

ဒစ်ဂျစ်တယ်ပရိသတ်များပါဝင်ရန် ဈေးကွက်မဟာဗျူဟာဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ယမန်နေ့က နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်း ၂၀ ခန့် တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲကို အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်အဖွဲ့အစည်း (Asia Pacific Broadcasting Union-ABU)က စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲ၌ မလေးရှားနိုင်ငံမှ ABU Media Academy အကြီးအကဲ Mr. Steve Ahern က ဒစ်ဂျစ်တယ်ဈေးကွက်အား မည်သို့အောင်မြင်အောင် လုပ်ဆောင်မည်၊ Free to air radio/TV ရုပ်သံထုတ်လွှင့်မှု Platform များတွင် ပရိသတ်များ တိုးမြင့်အောင်ဆောင်ရွက်ရန်လိုအပ်မှု၊ အွန်လိုင်းပေါ်မှ ကြည့်ရှုသူများ များပြားလာအောင် လုပ်ဆောင်ရန်လိုအပ်မှုနှင့် အွန်လိုင်းနည်းပညာသစ်များအား တိုးမြှင့်လုပ်ဆောင်ရန်လိုအပ်မှု၊ မိမိတို့လုပ်ဆောင်သည့် အွန်လိုင်းအစီအစဉ်ကို အွန်လိုင်း ပရိသတ်များ ပိုမိုကြိုက်နှစ်သက်အောင် လုပ်ဆောင်ရန်လိုအပ်မှုနှင့် အွန်လိုင်းကြည့်ရှုသူပရိသတ်များ များပြားလာခြင်းဖြင့် ကြော်ငြာအခွန်အခများ ပိုမိုရရှိလာနိုင်မှုတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မဲဆန္ဒရှင်စာရင်းကြေညာထားမှု တာဝန်ရှိသူများ စစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၉**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို သတ်မှတ်နေရာများ၌ ကြေညာထားပြီးဖြစ်ရာ ပန်းဘဲတန်းမြို့နယ် ရပ်ကွက် ၁၁ ရပ်ကွက်တွင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်နှင့် တာဝန်ရှိသူများက ယမန်နေ့မွန်းလွဲပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ၊ မဲဆန္ဒရှင်စာရင်းများကပ်ထားကြောင်း အသိပေးနှိုးဆော်ထားခြင်း ရှိ၊ မရှိ၊ မဲဆန္ဒရှင်များအနေဖြင့် မိမိအမည် မပါရှိခြင်း၊ အချက်အလက်ကွဲလွဲမှုရှိခြင်း၊ ပြင်ဆင်၊ ကန့်ကွက်လိုခြင်းတို့အတွက် သတ်မှတ်ပုံစံများ ပြည့်စုံစွာထားရှိမှု ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **နေခြည်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့နယ်၌ တောင်သူများကို လုပ်ငန်းခွင်သုံးပစ္စည်းနှင့် မျိုးမျိုးထုပ်များ အခမဲ့ပေးအပ်

**ပြင်ဦးလွင် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ Food Safety Project ဖြင့် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ပန်းဦးတောင်ကျေးရွာ၊ ပင်တီးကျေးရွာ၊ ဝက်ဝံကျေးရွာ၊ ညောင်သာယာကျေးရွာ၊ ဆင်ဖြူအင်းကျေးရွာ၊ ချောင်းဦးကျေးရွာများမှ တောင်သူ ၂၄ ဦးသို့ တောင်သူလုပ်ငန်းခွင်သုံးပစ္စည်းနှင့် မျိုးမျိုးထုပ်များ အခမဲ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန စက်မှုသီးနှံပညာပေးရေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်နှင့် နှစ်ရှည်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထွေးတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးဦးက ပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများကို တောင်သူများအား ပေးအပ်ခဲ့ကြသည်။

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်လွင်ဦး၊ တောင်သူကိုယ်စားလှယ် ဦးဇော်ဇော်အောင်နှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။ **သိန်းဇော်(ကျည်ပွေ့)**

## ဇလွန်မြို့၌ ရေဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဇလွန်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## CERP ထောက်ပံ့ငွေဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၉**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan-CERP) ထောက်ပံ့ငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကာ တိုင်းဒေသကြီး/ ပြည်နယ် ၁၁ ခု၏ မြို့နယ် ၇၆ မြို့နယ်ရှိ မျိုးစေ့ထုတ်လုပ်သည့် သမဝါယမအသင်း စုစုပေါင်း ၈၂ သင်း၏ မျိုးစေ့ထုတ် ဧက ၅၃၅၂ ဒသမ ၅ ဧကအတွက် မျိုးစေ့ထုတ်လုပ်ငန်းများကို ပံ့ပိုးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# အင်တာမီလန်က မန်ယူတိုက်စစ်မှူး ဆန်းချက်ဇ်ကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူရန် ဆန္ဒရှိနေ



အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းဟာ မန်ယူအသင်းရဲ့ တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်ကို အမြဲတမ်းစာချုပ်တစ်ရပ်နဲ့ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ ချီလီတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်ဟာ မန်ယူအသင်းကနေ အင်တာမီလန်အသင်းဆီ အငှားစာချုပ်နဲ့ သွားရောက်ကစားနေတာဖြစ်ပြီး ဇူလိုင် ၂၅ ရက်က ဂျီနိုအာအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်အပါအဝင် အင်တာမီလန်အသင်းအတွက် သွင်းဂိုး သုံးဂိုး သွင်းယူပေးခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူးဆန်းချက်ဇ်ဟာ ကစားသမားဘဝတစ်လျှောက်မှာ ဘာစီလိုနာအသင်း၊ အာဆင်နယ်အသင်းနဲ့ မန်ယူအသင်းတို့မှာ ကစားခဲ့ရာမှာ ဘာစီလိုနာအသင်းနဲ့အတူ ၈၈ ပွဲမှာ ၃၉ ဂိုး၊ အာဆင်နယ်အသင်းနဲ့အတူ ၁၂၂ ပွဲမှာ သွင်းဂိုး ၆၀ နဲ့ မန်ယူအသင်းနဲ့အတူ ၃၂ ပွဲမှာ သွင်းဂိုး သုံးဂိုး အသီးသီး သွင်းယူပေးခဲ့တာလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# ဝက်ဖို့ဒ်အသင်းနည်းပြဟောင်း ဂရာစီယာကို ဗလင်စီယာအသင်းနည်းပြသစ်အဖြစ် ခန့်အပ်



ဝက်ဖို့ဒ်အသင်းရဲ့ နည်းပြဟောင်း ဂရာစီယာကို စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းက အသင်းရဲ့နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၅၅ နှစ်အရွယ်ရှိ ဂရာစီယာဟာ ဝက်ဖို့ဒ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ် ပြီးခဲ့သည့်ဘောလုံးရာသီက အက်ဖ်အေဖလားနောက်ဆုံး ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ရေးစွမ်းဆောင်ပေးနိုင်ခဲ့တဲ့အပြင် ပရီမီယာလိဂ် ပြိုင်ပွဲမှာလည်း အမှတ်ပေးဇယားရဲ့ အဆင့် ၁၁ နေရာမှာ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

အဲဒီလို စွမ်းဆောင်နိုင်ခဲ့ပေမယ့် ပရီမီယာလိဂ်ဘောလုံးရာသီ စတင်ပြီး ချိန်မှာ ဝက်ဖို့ဒ်အသင်းက နည်းပြဂရာစီယာကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။

ဂရာစီယာကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့တဲ့ ဗလင်စီယာအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ စပိန်လာလီဂါ အမှတ်ပေးဇယားအဆင့် ကိုးနေရာမှာ ရပ်တည်ခွင့်ရခဲ့တာဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက စပိန်ကိုပါဒယ်ရေး ဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

ဂရာစီယာဟာ စပိန်လာလီဂါမှာ မာလာဂါအသင်းနဲ့အတူ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ဘောလုံးရာသီ နှစ်ရာသီကြာ တာဝန်ယူကိုင်တွယ်ခဲ့ရာမှာ အောင်မြင်မှုရရှိခဲ့တာကြောင့် ဗလင်စီယာအသင်းက လစ်လပ်နေတဲ့ နည်းပြရာထူးနေရာကို အစားထိုးခန့်အပ်ခဲ့တာလည်းဖြစ်တယ်လို့ သိရပါတယ်။

# AFC Cup ပြိုင်ပွဲ အာဆီယံဇုန်အုပ်စု လက်ကျန်ပွဲများအတွက် အိမ်ရှင်နိုင်ငံ မရွေးချယ်ရသေး

ရန်ကုန် ဇူလိုင် ၂၉

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စုလက်ကျန်ပွဲများအတွက် အိမ်ရှင်နိုင်ငံ မရွေးချယ်ရသေးကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဇုန် အုပ်စုလက်ကျန်ပွဲများ အတွက် အိမ်ရှင်နိုင်ငံ ရွေးချယ်မှုအား ဇူလိုင် ၂၄ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသော်လည်း မြန်မာကလပ်အသင်းများ၏ အနေအထားကို စောင့်ကြည့်နေခြင်းဖြစ်သည်။ ယခုရာသီတွင် မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး နှစ်သင်းစလုံး အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ဆန္ဒရှိနေကာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှတစ်ဆင့် အကြောင်းပြန်မှုများ ပြုလုပ်ထားသည်။

သို့သော် မြန်မာနိုင်ငံတွင် ဘောလုံးပြိုင်ပွဲများ ကျင်းပခွင့်မပြုသေးသောကြောင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် အခက်တွေ့နေခြင်းဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်ကလည်း မြန်မာနိုင်ငံ၏ အကြောင်းပြန်မှုအပေါ် မူတည်၍ ဆုံးဖြတ်သွားဖွယ်ရှိနေသည်။ အာဆီယံဇုန်တွင် အုပ်စုသုံးခု ပါဝင်နေပြီး ပထမအကျော့ကျင်းပထားပြီးဖြစ်သောကြောင့် ဒုတိယအကျော့ သုံးပွဲသာ ကျန်ရှိတော့ကာ စက်တင်ဘာ ၂၃ ရက်၊ ၂၆ ရက်၊ ၂၉ ရက်တို့တွင် ကျင်းပရန် စီစဉ်ထားသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အုပ်စုတစ်ခုချင်း အလိုက် အိမ်ရှင်နိုင်ငံများ ရွေးချယ်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲမစတင်မီ အသင်းတိုင်းမှ ကစားသမားများနှင့် အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များကို ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမည်ဖြစ်သည်။ ယင်းစစ်ဆေးမှုများကို အိမ်ရှင်နိုင်ငံက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်က ကုန်ကျစရိတ် ထုတ်ပေးမည်ဖြစ်သည်။ ထို့ပြင် အိမ်ရှင်နိုင်ငံများကို ပြိုင်ပွဲကျင်းပရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များလည်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။

မြန်မာကလပ်အသင်းများအနက် ရန်ကုန်အသင်းက အုပ်စု (F)၊ ရှမ်းယူနိုက်တက်အသင်းက အုပ်စု (H) တွင် ပါဝင်နေသည်။

**ရှိုင်းထက်ဇော်**

## အနုပညာ

# It’s Okay to Not Be Okay အတွက် ဓာတ်ပုံသစ်များ ထုတ်ဖော်ပြသ



လတ်တလော ထုတ်လွှင့်ပြသလျက်ရှိပြီး ကြည့်ရှုသူအများဆုံးသော ဇာတ်လမ်းတွဲတစ်ခုလည်းဖြစ်တဲ့ It’s Okay to Not Be Okay အတွက် ဓာတ်ပုံသစ်တွေကို အပိုင်းသစ်မထုတ်လွှင့်မီ ထုတ်ဖော်ပြသခဲ့ပါတယ်။ အဆိုပါ ဓာတ်ပုံတွေဟာ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ကင်ဆိုးယန်၊ မင်းသမီး ဆိုရယ်ဂျီနဲ့ မင်းသား အိုဂျုန်ဆဲတို့ရဲ့ မိသားစုဓာတ်ပုံတွေဖြစ်ကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲကို tvN ရုပ်သံလိုင်းမှ ဇွန် ၂၀ ရက်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး လတ်တလောမှာ အပြိုင်ထုတ်လွှင့်နေတဲ့ ဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအများဆုံးသော ဇာတ်လမ်းတွဲတစ်ခုလည်း ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲဟာ အချစ်ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး အပိုင်း ၁၆ ပိုင်း ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားပါတယ်။ လာမယ့်အပိုင်းသစ်ကို ဩဂုတ် ၁ ရက်မှာ ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ဇာတ်လမ်းတွဲသစ်မှာ ပါဝင်သရုပ်ဆောင်သွားမယ့် ဂွန်ရိုး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဂွန်ရိုးဟာ ဇာတ်လမ်းတွဲရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်ထားပြီး ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ Squid Game လို့ အမည်ရတဲ့ ဇာတ်လမ်းတွဲမှာ အထူးသရုပ်ဆောင်အဖြစ် ဂွန်ရိုးက ပါဝင်ရိုက်ကူးပေးထားကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရသိရပါတယ်။



ဂွန်ရိုးအနေနဲ့ ဇာတ်လမ်းတွဲသစ်မှာ ပါဝင်သရုပ်ဆောင်ထားကြောင်း မင်းသားရဲ့ အေဂျင်စီက မကြာသေးမီက ထုတ်ဖော်ပြောကြားလာတာလည်း ဖြစ်ပါတယ်။ ဂွန်ရိုးဘက်ကလည်း ဇာတ်လမ်းတွဲသစ်မှာ ပါဝင်ဖို့ရာ လက်ခံခဲ့ပြီးဖြစ်တယ်လို့ အေဂျင်စီက ပြောကြားခဲ့ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲဟာ ကိုရီးယားဝမ် ၄၅ ဒသမ ၆ ဘီလီယံ တန်ကြေးရှိတဲ့ ကစားပွဲတစ်ခုမှာ ပါဝင်ပတ်သက်မိကြတဲ့ လူတစ်စု အကြောင်းကို ရိုက်ကူးပုံဖော်သွားမှာပါ။ ယင်းဇာတ်လမ်းတွဲမှာ လီဂျုန်ဂျေးနဲ့ ပွါခ်ဟေဆိုးတို့က အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်ထားတာလည်း ဖြစ်ပါတယ်။

# Kingdom: Asin မှာ ဂျန်ဂျီယွန်း ပါဝင်သရုပ်ဆောင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဂျန်ဂျီယွန်းဟာ Kingdom ရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင်သစ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ အတည်ပြုပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



Kingdom ရုပ်ရှင်ဟာ ဖုတ်ကောင်တွေအကြောင်းကို ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ဖြစ်ပြီး ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်တဲ့ ရာသီနှစ်ခုလုံးမှာ ပရိသတ်တွေ ကြည့်ရှုမှုများပြားခဲ့တဲ့ ရုပ်ရှင်တစ်ခုလည်း ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ရဲ့ ဒုတိယမြောက်ရာသီအဆုံးမှာ ဂျန်ဂျီယွန်း ပါဝင်ခဲ့တာကြောင့် ရုပ်ရှင်သစ်မှာလည်း သူ့အနေနဲ့ ပါဝင်မှာဖြစ်ကြောင်း သတင်းတွေ ထွက်ပေါ်လာခဲ့ရာ လတ်တလောမှာတော့ အဆိုပါ သတင်းတွေကို အတည်ပြုခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။


အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ဟာ ဂျိုဆွန်းခေတ်ကို နောက်ခံထားရိုက်ကူးထားတဲ့ ရုပ်ရှင်တစ်ခုဖြစ်ပြီး ရုပ်ရှင်သစ် Kingdom: Asin ကိုတော့ မိနစ် ၇၀ ကြာမြင့်တဲ့ ဇာတ်လမ်းတိုရုပ်ရှင်အဖြစ် ရိုက်ကူးပုံဖော်သွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။ အဆိုပါ ရုပ်ရှင်သစ်မှာ မင်းသား ပွါခ်ဗြောင်အွန်းက ဂျန်ဂျီယွန်းနဲ့ တွဲဖက်ကာ ပါဝင်သွားမှာဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ လာမယ့်အောက်တိုဘာလအတွင်း စတင်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

**အေးပြည့်**
**စုစည်းသည်**



# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ဗိုလ်ချုပ်အောင်ဆန်း ပြည်ချစ်ပန်း ကလေးကဗျာများ

စာရေးသူ အမျိုးသားစာပေဆုရ မောင်မြင့်ထွန်း စီစဉ်ရေးသားသည့် ဗိုလ်ချုပ်အောင်ဆန်း ပြည်ချစ်ပန်း ကလေးကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကျေးဇူးမှတ်တမ်းလွှာ၊ အောင်ဆန်းဇာနည်၊ ဗိုလ်တေဇ၊ လွတ်လပ်ရေးဖခင်၊ လွတ်လပ်ရေးဗိသုကာ၊ မြန်မာပြည်ရဲ့ပန်း ဗိုလ်ချုပ်အောင်ဆန်း၊ တကယ့်ဗိုလ်ချုပ်ကြီး၊ ဘမျိုးဘိုးတူ၊ ပြည်ချစ်ပန်း၊ စံပြဗိုလ်ချုပ်၊ ရဲဘော်သုံးကျိပ်ခေါင်းဆောင်၊ တို့ဗိုလ်ချုပ်၊ အလုပ်လုပ်သော ဗိုလ်ချုပ်၊ အာဂလူ၊ လွတ်လပ်ရေးဖခင်၊ နတ်မောက်သား၊ အောင်ဆန်းဂုဏ်ရည်၊ မီးမီးချစ်တဲ့ ဗိုလ်အောင်ဆန်း၊ သားသားချစ်တဲ့ ဗိုလ်တေဇ စသည့် ကလေးသူငယ်များ စိတ်ဝင်စားဖွယ်ကဗျာများကို ရေးသားထားသည်။

စာအုပ်ကို အောင်သပြေစာပေ၊ အမှတ်၅၀၃/၁၊ စုမြတ်သရဖီလမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉ ၇၉၅၃၉၉၈၈၆နှင့် ၀၉ ၇၈၅၁၇၅၃၉၀တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။



## သစ္စာဉာဏ်မြင် မြတ်လမ်းစဉ် ဓမ္မမှတ်စုများ

စာရေးသူ အရှင်စန္ဒောဘာသ(ဟံသာဒီပ)စီစဉ်ရေးသားသည့် သစ္စာဉာဏ်မြင်မြတ်လမ်းစဉ် ဓမ္မမှတ်စုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရေမြှုပ်စိုင်ကြီး ပမာမို့၊ ပထမခြေလှမ်း အရိယာစခန်း၊ အရှင်သာရိပုတ္တာရာရဲ့ လူသတ်သမားငါးယောက်၊ သေခြင်းတရားနှင့် ဝိညာဉ်၊ ငါးဆူဘုရားကို စူးစမ်းလေ့လာပါ၊ ဘာ့ကြောင့်သံယောဇဉ်ဖြတ်ရတယ်၊ မိစ္ဆာဒိဋ္ဌိတို့ရဲ့ မြစ်ဖျားခံရာ၊ သံကိုသံဖျက် သံချေးတက်၊ မြင်လျှင်မြင်ကာမျှပဲထား၊ ကောင်းသောနေ့ပါ(သို့မဟုတ်) ကောင်းသောညပါ စသည့်အကြောင်းအရာ ၁၄ ခုကို ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ (၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။



## ကမ္ဘာ့ပညာရှင်တို့၏ အဆိုအမိန့်များ

စာရေးသူ မောင်ဖေဇော် မြန်မာဘာသာပြန်ဆိုကာ စီစဉ်ရေးသားသည့် ကမ္ဘာ့ပညာရှင်တို့၏ အဆိုအမိန့်များစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တာဟားဟူစိန် (အီဂျစ်စာရေးဆရာပါမောက္ခကြီး)က ငါသည် သင်တို့အတွက် အဖိုးမဖြတ်နိုင်သော လက်ဆောင်မွန်တစ်ခုကို ဆောင်ယူသည်။ ထိုအရာသည် သင့်အား ပျော်ရွှင်ချမ်းမြေ့မှုနှင့် ကြီးစွာသော ရောင့်ရဲနှစ်သိမ့်မှုကို ပေးပါလိမ့်မည်။ အဘယ်အရာ ဖြစ်ပါမည်နည်း။ စာအုပ်ဖြစ်ပေ၏ဟု အဆိုအမိန့် ဖော်ပြထားသည်။

စာအုပ်ကို လမင်းသစ်စာပေ၊ အမှတ်-၁၀၁၅၊ ရတနာလမ်း၊ (၅) ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်မြို့ ဖုန်း-၀၉၄၅၀၀၄၃၆၇၇မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။




## အဆင့်အတန်းနဲ့ ရိုက်ရဲတာရုပ်ရှင်

စာရေးသူ အကြီးကိုကို(ကသာ)နှင့် ဆောင်းဝင်းလတ်ခံစားရေးဖွဲ့ထားသည့် အဆင့်အတန်းနဲ့ ရိုက်ရဲတာရုပ်ရှင်စာအုပ် ထွက်ရှိလာသည်။

အဆင့်အတန်းဆိုသည်က ပညာတတ်ခြင်း၊ ဘွဲ့ရခြင်းနှင့် မတိုင်းတာသကဲ့သို့ ရာထူးကြီးမားခြင်း၊ သေးငယ်ခြင်းနှင့်လည်း မတိုင်းတာပါ။ ငွေကြေးဥစ္စာဓန ပြည့်စုံခြင်း၊ မပြည့်စုံခြင်းနှင့်လည်း တိုင်းတာ၍မရနိုင်ပါ။ လူတစ်ယောက်က အခြားလူတစ်ယောက်အပေါ် စာနာမှု၊ ညှာတာမှု၊ နားလည်ပေးနိုင်မှု၊ ကိုယ်ချင်းစာတရားများပြည့်ဝမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်သစ္စာတရားစောင့်စည်းမှုများနှင့် ပြည့်ဝနေမှသာလျှင် အဆင့်အတန်းရှိသည်ဟု သတ်မှတ်နိုင်ကြောင်း ရေးသားထားသည်။

စာအုပ်ကို ၇၇၇၇ စာပေ၊ ၃၈-လမ်း ပလာဇာ၊ ၃၈-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၇၇၇၁၃၃၁၇နှင့် ၀၉ ၂၅၀၂၆၅၉၂၅တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။



## မရဲရင့်ပါ သို့သော် ရဲရင့်ခဲ့သည်

စာရေးသူ ခင်သဇင်(UCSY) ဘာသာပြန်ဆိုထားသည့် မရဲရင့်ပါ သို့သော် ရဲရင့်ခဲ့သည်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အလွန်အေးသော၊ မည်သူနှင့်မျှ ရောနှောခြင်းမရှိသော ဇာတ်ကောင်မိန်းကလေး လုမိကိသည် အကြောင်းအရာတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ရာမှ ထိုပြဿနာထဲတွင် မလွဲမရှောင်သာ ပါဝင်ပတ်သက်သွားခဲ့ပြီး စိတ်ရှုပ်စရာ အလွန်ကောင်းသည့်အခြေအနေအရပ်ရပ်တို့ဖြင့် အသက်ဘေးအန္တရာယ်ကျရောက်လုနီးပါး တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ မည်သို့ပင် ဖြစ်စေကာမူ အဆိုးဆုံးအခြေအနေများရင်ဆိုင်ခဲ့သော်လည်း မလျှော့သောဇွဲနှင့် တွေ့ကြုံလာသမျှအခက်အခဲကို အကောင်းဆုံးလုပ်ဆောင်နိုင်ခဲ့သည့် စိတ်ဓာတ်ကို ရေးသားထားသည်။

စာအုပ်ကို နေရီရီစာအုပ်တိုက်၊ အမှတ်(၂/က)၊ အောင်ရတနာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၄၅၀၀၂၈၆၅၁နှင့် ၀၉ ၂၅၄၅၁၅၉၇၃တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ သတ်မှတ်ထားသည်။



## လှိုင်းရိုက်သံ-၃၉

စာရေးသူ စစ်ငြိမ် စီစဉ်ရေးသားသည့် လှိုင်းရိုက်သံ -၃၉ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အတွေးမှန် ပြန်ကြားရေး၊ စာရေးသူနံရံ၊ ပန်းပုဆရာ၊ စန္ဒရားခန်းမ၊ အသံထွက် ပန်းချီကားများ၊ ကြယ်ကြွေလမ်း၊ စိတ်ပြေးမိုင်နှုန်းတစ်ခုပေါ်က လှိုင်းရိုက်သံ "06"၊ လေ့တစ်စီး၏လားရာ၊ သေဆုံးသွားတဲ့လေလှိုင်း၊ ကျွန်တော်နှင့် သူငယ်ချင်းများ(၁)၊ အခန်းကလေးတစ်ခု၊ ရွှေ့လျားခြင်းသီအိုရီ၊ နံနက်ခင်းများကိုဖြတ်သန်းခြင်း၊ လေညင်းသက်ပြင်း စသည့် အကြောင်းအရာများကိုရေးသားထားသည်။

စာအုပ်ကို တန်ဖိုးငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။




## ရသစုံ ပျိုးခင်း

စာရေးသူ အိမ်ချစ်မေ စီစဉ်ရေးသားသည့် ရသစုံ ပျိုးခင်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဒါလေးတွေ ပြင်စေချင်ပါသည်၊ အဘိုး၊ ကျွန်တော်နှင့် ဆေးလိပ်၊ ရွှေမန်းသူ၏ ဒီမိုကရေစီ၊ ကွက်လပ်ဖြည့်ကြရအောင်၊ ဇင်းမယ်(သို့)ချင်းမိုင်၊ ဘယ်သူကယ်လို့ရပါတော့နိုင်၊ ကျောင်းစစ်ဆေးရေးအရာရှိ၊ စန္ဒရားမှန်းဆလို့ တမ်းတမိတဲ့ သာလွန်မင်းကြီး၊ ကျွန်တော်၊ ကျွန်မမှာ လုံးဝတာဝန်ရှိပါတယ်၊ မရွှေအိမ်၏ အမှန်ပြင်ဆင်ချက်များ၊ အားနာတယ်၊ ဝဋ်ကျွတ်ခြင်း စသည့် စိတ်ဝင်စားဖွယ်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို ဗမာအမျိုးသမီးစာပေမှ တန်ဖိုးငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။



## လက်ရွေးစင် ဟာသပဒေသာ အမှတ်(၆)

စာရေးသူ မောင်ကောင်းထိုက်(နီးပဒေါ) စီစဉ်ရေးသားသည့် လက်ရွေးစင် ဟာသပဒေသာ အမှတ်(၆)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် "အလျင်မလိုဘူး" လက်မှတ်စစ်က ရထားစီးခရီးသည်မိန်းမကြီးကိုပြောသည်။ အစ်မကြီး အခုစီးတဲ့ရထားက အမြန်ရထား။ အစ်မကြီးရဲ့လက်မှတ်က ရိုးရိုးရထားလက်မှတ်။ အဲဒါကြောင့် ပိုက်ဆံထပ်ပေးဖို့လိုပါသည်။ ဘာဖြစ်လို့ပေးရမှာလဲ။ ရထားကို အရှိန်လျှော့မောင်းချင်မောင်းလိုက် ငါ အလျင်မလိုဘူးဟေ့ စသည့် ဟာသနှင့် ပတ်သက်သည်များကို စာဖတ်သူများစိတ်ဝင်စားဖွယ်ရေးသားထားသည်။

စာအုပ်ကို ရွှေပဒေသာစာပေ၊ အမှတ်(၃၃)၊ မြေညီထပ်၊ ကျီတော်လမ်း၊ ပုဇွန်တောင် ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၅၉၈၅၇၇၉နှင့် ၀၉ ၉၇၉၀၀၅၆၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

# ကျေးဇူးအထူးတင်ရှိခြင်း

၁၁-၇-၂၀၂၀ ရက်နေ့ UK စံတော်ချိန် ညနေ ၆:၀၉ နာရီတွင် Basildon University Hospital, Essex, London, UK တွင် ကွယ်လွန် အနိစ္စရောက်သွားသော ဒေါ်ဝတ်ရည်လှိုင် အသက်(၄၄)နှစ်၏ ဈာပနအခမ်းအနားကို ၂၉-၇-၂၀၂၀ ရက်တွင် Basildon & District Crematorium Church Road, Bowers Gifford, Basildon SS13 2HG တွင် ကျင်းပပြီးစီးပြီးဖြစ်ပါသည်။ သေဆုံးသည့်အချိန်မှစ၍ ဈာပနအခမ်းအနား ကျင်းပပြီးစီးသည်အထိ ကိစ္စအရပ်ရပ်တို့၌ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးကြပြီး မြန်မာ့ဓလေ့ထုံးစံအတိုင်း ဆောင်ရွက်ပေးပါသော သုဝဏ္ဏသိင်္ဂီ လန်ဒန်-မိုးကုတ်ရိပ်သာ ဆရာတော် ဦးကဝိသာရနှင့် မဝတ်ရည်လှိုင်အား ချစ်ခင်ကြသော အင်္ဂလန်နိုင်ငံမှ သူငယ်ချင်းမိတ်ဆွေများအားလည်းကောင်း၊ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ပါသော အင်္ဂလန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စွာမင်းနှင့် မြန်မာသံရုံးမိသားစု လန်ဒန်မြို့အားလည်းကောင်း၊ မြန်မာနိုင်ငံနှင့်အခြား ပြည်ပနိုင်ငံများမှ မဝတ်ရည်နှင့် ကျန်ရစ်သူမိသားစုဝင်များ၏ သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းများအား အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးထန်ဟုတ်**
**အသက်(၁၀၀)နှစ်**

တောင်ကြီးမြို့၊ အမျိုးသမီးနှင့် ကလေးဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင်၏ ချစ်လှစွာသောဖခင်ကြီး ဦးထန်ဟုတ် အသက်(၁၀၀) နှစ်သည် ၂၉-၇-၂၀၂၀ မွန်းလွဲ ၁၂:၄၅ နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သင်တန်းသား/သူ အရာထမ်းများ**
**အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၀)**
**ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**သီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာသန်းထွန်း (ငြိမ်း)**
**(ကုံကော်ရွှေပြည်)၊ ဥက္ကဋ္ဌ (ငြိမ်း)၊ SMIDB**
**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ ဒေါ်မြသွေး၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွန်း အသက် (၈၆)နှစ်သည် ၂၇-၇-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီရိသုဓမ္မမဏိဇောတဓရ ဦးဇော်ဝင်းနှင့် မိသားစု**
**ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**ချမ်းမြေ့မေတ္တာအထွေထွေရောဂါကုဆေးရုံ(သန်လျင်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးတင်ရွှေ**
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး**
**အသက် (၈၆) နှစ်**

ဦးရဲထွဋ်အေး(PEMCO Co.,Ltd)-ဒေါ်တိုးတိုးအောင် (မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်) တို့၏ဖခင် ဦးတင်ရွှေသည် ၂၉-၇-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**PEMCO Co.,Ltd မိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၄၉၅)၊ ဒေါ်သန်းသန်းမြင့် အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ် ပေ (၄၀x၆၀)ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မျိုးနိုင် [၁၀/မလမ(နိုင်)၀၈၆၁၇၅]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်သန္တာဝင်း[၈/စလန(နိုင်)၀၉၁၄၂၀]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ-** | **ညွှန်ကြားချက်အရ-** |
| **ဒေါ်သန္တာဝင်း** | **ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)** |
| **ဖုန်း-၀၉-၉၆၅၁၀၈၈၄၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)** |

**ရုံး(ဃ-၁၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ပြင်းဖြူကြီးရွာနေ အထက(၃)ထားဝယ်မြို့၊ ဒသမတန်း(D)မှ မောင်ပိုင်ထက်စိုး၏ဖခင် ဦးမောင်ဖြူ၏ အမည်မှန်မှာ ဦးတင်မြင့် [၆/သရခ(နိုင်)၀၂၀၄၃၂]ဖြစ်ပါသည်။

**ဦးတင်မြင့်**

ရန်ကုန်မြို့နယ်စုံမှ စက်မှုဇုန်များ၊ လမ်းမတန်းလုပ်ငန်းရ မြေညီထပ်များ၊ ကွန်ဒိုတိုက်ခန်း၊ အိမ်ခြံမြေများ အဝယ်၊ အငှားများရှိပါသဖြင့် ပိုင်ရှင်များ ဆက်သွယ်အပ်နှံနိုင်ပါသည်။ **အကျိုးဆောင်**
**ဖုန်း-၀၉-၂၅၅၄၈၃၇၀၅**

## ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အောင်ချမ်းသာတိုးချဲ့)၊ မြေကွက်အမှတ်(၁၄၉၇)၊ (၄၀'x၆၀')မြေချပါမစ်မြေကွက်၏အမည်ပေါက်ဒေါ်ကြည်ညွန့်/ ဦးအောင်အောင်ထွန်း[၁၂/ဥကတ(နိုင်)၁၀၈၇၃၉](ဘ) ဦးသောင်းထွန်းဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အမည်ပေါက်ထံမှ အရောင်းအဝယ် စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးမျိုးသက်[၈/ခမန(နိုင်)၁၃၄၉၆၉]မှ မြေတိုင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန် ကြေညာချက်

သဃၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃-သုဝဏ္ဏ၊ မြေကွက်အမှတ်-၃၇၇၊ မြေကွက်တည်နေရာအမှတ်(၃၇၇)၊ ကံ့ကော်မြိုင်လမ်း၊ (၂၃)သုဝဏ္ဏရပ်ကွက်၊ သဃၤန်းကျွန်းမြို့နယ် (ဦးသောင်း[၁၂/သဃက(နိုင်)၀၁၂၈၇၀])အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်းကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်/ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံကတိတို့ တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ပါသဖြင့်မြို့မြေစာရင်းတွင် မှတ်သားထားသော အမှုတွဲအမှတ်-သဃက-၉၃၄/၉၇(၁၉-၃-၁၉၉၇) ဖြင့် ထုတ်ပေးထားသည့် မူလဂရန်စာအုပ်ကို ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**Mr Kamal Kant Kaushal**
**Noida (Delhi), India**
**အသက် (၇၉) နှစ်**

India နိုင်ငံ၊ Noida (Delhi) နေ Mrs Chander Kausal ၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ Shangri-La Residents နေ Mr Sameer Kausal (The Head of The Country, Myanmar-Olam International, Singapore/Managing Director-Concorde Industries Limited)-Mrs Simple Kausal တို့၏ ချစ်လှစွာသောဖခင်ကြီးဖြစ်သူ Mr Kamal Kant Kaushal အသက် (၇၉)နှစ်သည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့)တွင် Indiaနိုင်ငံ Yatharth Superspeciality Hospitals ၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် မိသားစု၏အကြီးမားဆုံး ဆုံးရှုံးမှုအတွက် ကျန်ရစ်သူ Kausal မိသားစု တစ်ခုလုံးနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများအားလုံး**
**Olam International, Singapore (Concorde Industries Limited)**

## လွမ်းဆွတ်သတိရခြင်း
**ဦးနေမျိုး (စိန်ပေါလ်)၊ Pathein English Center**
**ပုသိမ်မြို့**
**၃၀.၆.၂၀၂၀ မှ ၃၀.၇.၂၀၂၀**
**အသက် (၇၅) နှစ်**

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့် ခွဲခွာသွားတာ ၃၀.၇.၂၀၂၀ ရက်နေ့ဆို (၁)လပြည့်ပြီဖြစ်သော်လည်း နေ့စဉ်လွမ်းဆွတ်သတိရနေဆဲပါ။ ဖေဖေ့အတွက် ရည်စူး၍ နေ့စဉ်ပြုခဲ့သောကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

| | |
|---|---|
| **ချစ်ဇနီး** | **- ဒေါ်လှဲ့လှဲ့ဝင်း (ခ) ပင်စီစိန်ဝင်း** |
| **သားကြီး** | **- ဦးသီဟထွန်း-ဒေါ်မွန်ရည်အေး** |
| **သမီးငယ်** | **- ဦးဝင်းသန်းဦး-ဒေါက်တာစုစုလတ်** |
| **သားငယ်** | **- ဦးဝဏ္ဏထွန်း** |

## ဝမ်းနည်းကြေကွဲခြင်း
**ဦးထွန်းမင်းဇော် (ဗိုလ်မှူး-ငြိမ်း)**
**ညွှန်ကြားရေးမှူး၊ ခရကဥက္ကဋ္ဌ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ဆည်ခရိုင်**
**အသက် (၅၄) နှစ်**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ဒေါက်တာစိုးစိုးထွေး (တွဲဖက်ပါမောက္ခ)၏အစ်ကို ဦးထွန်းမင်းဇော် အသက်(၅၄)နှစ်သည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတ္တဗေဒဌာနမိသားစု**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ မြေညီထပ်(ယာ)၊ အမှတ်(၄၇)နေ ဒေါ်ရွှေ[၁၂/အလန(နိုင်)၀၂၀၅၄၃]နှင့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊ တတိယထပ်(ယာ)၊ အမှတ်(၅)နေ ဒေါ်မြင့်ငွေ [၁၂/ကမတ (နိုင်)၀၄၇၁၁၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ ပထမထပ်၊ အမှတ်(၄၅)၊ အကျယ်အဝန်း (၃၀ပေx၅၀ပေ) ရှိ တိုက်ခန်းသည် ဦးကြူ(ခ) ဦးရီကြူဟိုက်(ကွယ်လွန်)+ ဒေါ်သိန်းဟန်တို့ လင်မယားနှစ်ဦး တရားဝင်ပိုင်ဆိုင်သော ပစ္စည်းဖြစ်ပါသည်။ ဦးကြူ(ခ) ဦးရီကြူဟိုက် (ကွယ်လွန်)+ဒေါ်သိန်းဟန်တို့တွင် သားသမီး(၇)ဦး ထွန်းကားခဲ့ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းသည် အဆိုပါသားသမီး(၇)ဦးအနက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ရွှေ၊ ဒေါ်မြင့်ငွေ(၂)ဦး မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ တစ်စုံတစ်ရာကိုမျှ မပြုလုပ်ကြရန်နှင့် ပြုလုပ် ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ရွှေ** | **ဒေါ်သင်းပပသောင်း(LL.B,D.B.L)** |
| **ဒေါ်မြင့်ငွေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၀၆)** |
| | **ဖုန်း-၀၉-၇၉၈၅၅၅၂၄၆** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ လူနေရပ်ကွက်အမှတ်- ဝေဘာဂီမြို့သစ်၊ မြေကွက်အမှတ်-၃၄၂၊ ဧရိယာ(၀.၁၁၀) ဧက၊ (အလျား ၆၀ပေx အနံ ၈၀ပေ)ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်-၈၊ လူနေရပ်ကွက်အမှတ်-ဝေဘာဂီမြို့သစ်၊ မြေကွက်အမှတ်-၃၄၃၊ ဧရိယာ(၀.၁၁၀)ဧက၊ (အလျား ၆၀ပေx အနံ ၈၀ပေ) ရှိ နှစ်(၆၀)မြေငှား ဂရန်မြေကွက် (၂)ကွက်တွဲ တစ်ဆက်တည်းရှိသော မြေကွက်များအပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ကိုယ်တိုင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူများထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း(LL.B)** |
| **LL.B,A.G.T.I(EP),D.B.L,D.M.L** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | **ဦးစိုးလွင်ဦး (LL.B)** |
| **ဒေါ်ချယ်ရီလှိုင်(LL.B)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)** | |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၆၅၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

# ဦးထန်ဟုတ်

မြေတိုင်းအုပ် (ငြိမ်း)၊ အိုးအိမ်ဦးစီးဌာန

## အသက် (၁၀၀) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နေ (ဦးတွင်-ဒေါ်လှမယ်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၃၄)၊ (၁၀၉)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဒေါ်ကြင်စွမ်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်လီလီဝေ (မန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဦးဟုတ်ဇော်-ဒေါ်ဘေဘီ(ထက်မိတ္တူ)၊ ဦးဟုတ်မော်-ဒေါ်စန်းစန်းသွင်၊ ဦးခင်မောင်ဝင်း(လက်ထောက်ဌေကိုင်-ငြိမ်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်)၊ (ဦးနိုင်နိုင်ထွန်း)၊ ဒေါက်တာမြတ်ခိုင်(ဆေးရုံအုပ်ကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံ၊ တောင်ကြီး)-ဒေါက်တာရီရီကျော်(ပါမောက္ခ၊ ကလေးသွေးကင်ဆာဌာန၊ ကလေးဆေးရုံ၊ မန္တလေးမြို့)၊ ဒေါ်ခင်စန္ဒာစိုး၊ ဒေါက်တာစန္ဒာမိုး(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ တောင်ကြီးတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သောင်း (သုံးခွ)

### အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၄)လမ်း၊ အမှတ် (၇၇)၊ သုံးလွှာနေ (ဦးခွေးမောင်)ဇနီး၊ ဒေါ်စန်းရီ (ထ-၂၊ သုံးခွ၊ ငြိမ်း)၊ ဦးရဲမြင့် (ညွှန်မှူး-ငြိမ်း၊ MPPE)၊ ဒေါ်အေးသန်း (ထ-၁၊ သုံးခွ၊ ငြိမ်း)၊ ဦးညွန့်ဝေ (ညွန့်ဝေ ပရိဘောဂ)-ဒေါ်သန်းဝင်း၊ ဦးလှထွန်း၊ ဒေါ်ခင်သန်းနွဲ့ (အထပြ-ငြိမ်း)၊ ဦးဆန်းထွန်း-ဒေါ်အိအိခိုင်၊ မမြင့်မြင့်ဆွေ၊ မခင်ခင်ကြည်၊ မအေးအေးမျိုးတို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၉-၇-၂၀၂၀ ရက် ညနေ ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ပူစူးလေး

### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ်-၂၇၊ အခန်း(၁)၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်နေ (ဦးဘာတာချာချီ-ဒေါ်ကျင်ယုံ)တို့၏သမီး၊ (ဦးဟန်တင်-ဒေါ်သောင်း)တို့၏ တူမ၊ (ဦးထွန်းလွင်)၊ ဦးဌေးအောင်-ဒေါ်ချိုချိုဦးတို့၏ အစ်မ၊ မောင်ကျော်သူအောင်-မအိန္ဒြယ်စိုး၊ မောင်သန်းထိုက်၊ မောင်ထွန်းလင်းဖြိုးတို့၏ အဒေါ်၊ မြေးတစ်ယောက်၏အဘွား ဒေါ်ပူစူးလေးသည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ကြည်

အထက (၂)၊ ဗိုလ်တထောင်-ငြိမ်း

### အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ လမ်းသစ်(၁)လမ်း၊ အမှတ်(၅/ခ)နေ (ဦးဘိုနီ-ဒေါ်လှမြင့်)တို့၏သား၊ ဦးသန်းလှိုင်-ဒေါ်ကြည်ဝင်းတို့၏ညီ၊ ဦးမြင့်သန်း-ဒေါ်ရီရီဝေ၊ (ဦးစိန်မောင်)-ဒေါ်တင်တင်ရီ၊ (ဦးမျိုးလတ်)-ဒေါ်မြင့်မြင့်သန်း၊ ဦးမြင့်လွင်-ဒေါ်ရှမ်းမြ၊ ဦးညွန့်ဦး-ဒေါ်မြင့်မြင့်ရီတို့၏အစ်ကို၊ (ဒေါ်ခင်ရှိန်)၏ခင်ပွန်း၊ [ဦးခင်မောင်ထွန်း (ခ) မင်းမင်း]၊ ဦးညီညီမင်း(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်အောင် သူဇာမြင့်၊ ဦးနေထက်ဦး(မြန်မာနိုင်ငံရဲတပ်ဖွဲ့)-ဒေါ်စုစုမွန်(ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)၊ ဦးသန့်ဇင်ဝင်း-ဒေါ်ဆွေဆွေလွင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ခြောက်ယောက်တို့၏အဘိုး၊ တူ/တူမ ၁၅ ယောက်တို့၏ဦးလေးသည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၉:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၀(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၂၀(တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင့်တင့်

### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် (၁၂/A)နေ (ဦးရန်ရှင်း-ဒေါ်နွဲ့)တို့၏သမီး၊ (ဒေါက်တာတင်လှိုင်)၏ဇနီး၊ (ဒေါ်မြင့်မေ)၏ ညီမ၊ ဒေါက်တာဝင်းချိုလှိုင်-ဒေါက်တာရီရီချို(USA)၊ ဒေါ်လှသိင်္ဂီလှိုင်(USA)၊ ဦးဇင်အောင်လှိုင်၊ ဦးကျော်သူရိန်လှိုင်-ဒေါ်ဖြူဖြူနွယ်တို့၏ မွေးသမိခင်၊ မဖြိုးပြည့်ပြည့်ကျော်၊ မောင်အေးချမ်းအောင်တို့၏ ဘွားဘွား ဒေါ်တင့်တင့်သည် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ဖော်ပြပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းနိုင် (ဖြူဝိုင်း) (၆၄) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၂၈၂/၂၈၃)မြို့နယ်နေ ဒေါ်ဌေးဌေးရီ (ဝင်းပြည့်အိမ်ရွှေဆိုင်)၏ခင်ပွန်း၊ ဒေါ်ခင်ဖြူဝင်း(ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်)၏မောင်၊ ဦးဝင်းထွဋ် (CO/Uniteam-Retired)-Dr. ဒေါ်မြလေးစိန်(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန-ဒုတိယဝန်ကြီး)တို့၏ညီ၊ မခင်နေခြည်ဝင်း၏ဖခင်၊ မောင်ဖြိုးဝေကိုကို၊ မောင်ကျော်ကိုသန့်စင်တို့၏ ဦးလေး ဦးဝင်းနိုင် (ဖြူဝိုင်း)သည် ၂၇-၇-၂၀၂၀ (တနင်္လာနေ့) ညနေ ၆:၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ] (မကျန်းမာစဉ်က ကုသပြုစုပေးကြသော ဆရာဝန်၊ ဆရာမများ၊ သူနာပြုဆရာမများနှင့် ကူညီဆောင်ရွက်ပေးကြသောသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။)

ကျန်ရစ်သူမိသားစု

---

ရွှေစေတီဘိုးဘွားရိပ်သာ(ကျောက်ဆည်)

## ဝမ်းနည်းကြေကွဲသံဝေဂရရှိခြင်း

### ဦးထွန်းမင်းဇော် (ခရိုင်အုပ်ချုပ်ရေးမှူး)

ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အသက် (၅၄) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ရွှေစေတီဘိုးဘွားရိပ်သာ၏ နာယကဖြစ်သော ဦးထွန်းမင်းဇော် (ခရိုင်အုပ်ချုပ်ရေးမှူး)၊ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့)တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲ သံဝေဂရရှိပါသည်။

**ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီနှင့် အဘိုးအဘွား၊ ဝန်ထမ်းများ**

---

## ဦးဟုတ်စွမ် (ခ) အင်ဟုတ်စွမ် (စံနိုင်အောင်ပိုင်ရှင်)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### အသက် (၉၇) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေရတနာလမ်း၊ ခြံအမှတ်(၆၆)နေ ဦးစံရွှေ-ဒေါက်တာသင်းသင်းခိုင်တို့၏ချစ်လှစွာသော မွေးသဖခင်သည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းကို-ဒေါ်မာလာလှိုင်**
**ဝင်းမာလာအောင်ကုမ္ပဏီ**

---

## တပ်ကြပ် ပည-၄၁ စစ်ငြိမ်းဦး

(LL.B အထက်တန်းရှေ့နေ)

### အသက် (၃၅) နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၅၀၂)၊ A-ငါးလွှာ၊ ကမ်းနားလမ်း၊ သီတာရပ်ကွက်နေ (ဦးချစ်လွန်း-ဒေါ်သိန်း)တို့၏မြစ်၊ (ဦးတင်ဦး-ဒေါ်ရီ)၊ (ဦးလှသိန်း-ဒေါ်မြင့်မြင့်ရီ)၊ (ဦးမြင့်အောင်-ဒေါ်ခင်ကြည်)၊ (ဦးစိန်မြင့်)-ဒေါ်အေးလှိုင်၊ ဦးမြင့်ဆွေ-ဒေါ်မြသွေး၊ (ဦးတိုးမြင့်-ဒေါ်ရင်မေ)တို့၏ ချစ်လှစွာသောမြေး၊ နှစ်ဖက် ဦးကြီး၊ ဒေါ်ကြီး၊ ဦးလေး၊ ဒေါ်လေးတို့၏ ချစ်လှစွာသောတူ၊ မောင်စစ်သီရိဦး-မဇူလိုင်မြင့်အောင်၊ မဟန်နီသွင်ဆန်းဦး၊ မောင်ဟိန်းထူးဇင်တို့၏ ကျေးဇူးရှင်ချစ်လှစွာသောအစ်ကိုကြီး၊ ဦးသွင်ဆန်းဦး(ခ)ဦးပေါက်စ-ဒေါ်လဲ့လဲ့ဝင်း(ခ)မကြီးတန်တို့၏ ချစ်လှစွာသောသားကြီးသည် ၂၇-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၁:၁၀ နာရီတွင် တိုင်းပြည်တာဝန် ကျေပွန်စွာထမ်းဆောင်ရင်း ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးရဲနိုင် (ရေစကြို)

ပါမောက္ခ/ဌာနမှူး (ငြိမ်း)

သမိုင်းဌာန၊ စစ်တက္ကသိုလ်/ဒဂုံတက္ကသိုလ်

### အသက် (၇၆) နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နေ (ဦးစိန်မောင်-ဒေါ်ယဉ်မေ)တို့၏ တစ်ဦးတည်းသောသား၊ အမှတ်(၂၁)၊ သဇင်လမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ [ဒေါ်မြင့်မြင့် (ကထိက-ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲအောင်မျိုး(2nd Officer,Lizzstar Shipping)-ဒေါက်တာယုမြင့်အောင် (ကထိက၊ သမိုင်းဌာန၊ လားရှိုးတက္ကသိုလ်)တို့၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်၊ မောင်ဟိန်းခန့်ဇော်၏ ချစ်လှစွာသောအဘိုး ဦးရဲနိုင်သည် ၂၉-၇-၂၀၂၀ ရက် ည ၇:၁၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊အင်းယားမြိုင်လမ်း၊အမှတ်-၅၁ တည်ရှိရာ၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၆ကေ၊ မြေကွက်အမှတ်-၁၁၁အေ/၁၀-၃အေ၊ ဦးအောင်ခန့် [၁၂/ဒဂန(နိုင်)၀၀၃၅၆၅]အမည်ပေါက် မြေပိုင်မြေကွက်ဖြစ်ပါသည်။ယင်းမြေကိုဇနီးဖြစ်သူ ဒေါ်မေကလျာအေး တစ်ဦးတည်းသာလျှင် ပိုင်ဆိုင်မည်ဖြစ်ကြောင်း၊ ဦးအောင်ခန့်၏ သေတမ်းစာ ၁၇-၁၂-၂၀၁၅ ရက်နေ့ ဦးအောင်ခန့်၏ သေဆုံးကြောင်း အထောက်အထား၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေ မှုအမှတ်-၂၂/၂၀၁၉ ၏ ၂၇-၈-၂၀၁၉ရက်နေ့စွဲပါ သေတမ်းစာ အတည်ပြုလက်မှတ် ထုတ်ပေးသည့် အမိန့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၁၂)၏ ၁၉-၁၂-၂၀၁၉ ရက်နေ့စွဲဖြင့် ထုတ်ပေးသည့်သေတမ်းစာ အတည်ပြုလက်မှတ်စာအတွက် ခံဝန်ချုပ်၊ ဒဂုံမြို့နယ်တရားရုံး ၂၇-၁-၂၀၂၀ ရက်နေ့ ကျမ်းကျိန် အမှတ်စဉ်(၁/၃၇၅၀/၂၀၂၀)ဖြင့် ဒေါ်မေကလျာအေး၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ မြေအမည်ပေါက်၊ အရောင်းအဝယ်စာချုပ်အမှတ်-၉၆၆/၁၀-၅-၂၀၀၀(မိတ္တူမှန်)တို့ကို တင်ပြ၍ ဒေါ်မေကလျာအေး [၁၂/ဒဂန(နိုင်)၀၀၂၁၇၇]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်မှူးမောင်ကျော် (ငြိမ်း)

ကြည်း-၁၀၂၂၅ (OTS-30)

### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အမှတ် (၅၄)၊ အခန်း(4B)နေ ဒေါ်ခင်အေးမြင့်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမောင်ကျော် (ငြိမ်း)သည် ၂၇-၇-၂၀၂၀ ရက် နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိသို့လားပါစေ။

**OTS (30) သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### နော်မားလရီ (ခ) မီးမမ

### အသက် (၈၆) နှစ်

JMC-S (ကရင်) အဖွဲ့ဝင် KNU/KNLA PC ၏ကိုယ်စားလှယ် ဦးစောသြဘာ၏မွေးသမိခင် နော်မားလရီ(ခ)မီးမမသည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေး ကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

### ဦးကံထွန်းကြည်

### အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ အမှတ် (၆၈-E)နေ ဒေါ်ယဉ်မျိုးစု၏ ချစ်လှစွာသောခင်ပွန်း ဦးကံထွန်းကြည် အသက်(၆၅)နှစ်သည် ၂၇-၇-၂၀၂၀(တနင်္လာနေ့) ည ၁၁ နာရီ တွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**CB Bank (PLC)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးထွန်းမင်းဇော် (ငြိမ်း)

O.T.S (B-5)၊ သီဟတပ်ခွဲ

B.A (Geography)

ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး

### အသက် (၅၄) နှစ်

သူငယ်ချင်း ဒေါ်ခင်သန်းမြင့် (ကထိက၊ ပထဝီဌာန၊ ကျောက်ဆည်တက္ကသိုလ်)၏ ချစ်ခင်လေးစားမြတ်နိုးရသော ခင်ပွန်းသည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**1984 အ.ထ.က-၆ မော်လမြိုင်မြို့မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ယဉ်ယဉ်ဦး (ခ) ဒေါ်ရှီလာ

### အသက် (၆၆) နှစ်

သူငယ်ချင်း ဦးစိုးပိုင်(80-83 Mech)၏ချစ်လှစွာသော ဇနီး ဒေါ်ယဉ်ယဉ်ဦး (ခ) ဒေါ်ရှီလာသည် ၂၇-၇-၂၀၂၀ (တနင်္လာနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်**
**(၈၀-၈၃) စက်မှု**
**ကျောင်းနေဖက်သူငယ်ချင်းများ**

---

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## အထူးကျေးဇူးတင်ရှိကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် (၈၅/၈၆)၊ မြကန်သာလမ်းနေ ဒေါ်ခင်ညွန့်(အမာကြီး) အသက် (၁၀၀)နှစ် အသက်ရှင်စဉ်ကာလ မြသန္တာစာသင်တိုက်ကျောင်းမှ မေတ္တာဖြင့် တရားဒေသနာများ ရွတ်ဖတ်ပေးပါသော ဆရာတော် ဦးစက္ကိန္ဒာလင်္ကာရ(တိုက်အုပ်)နှင့် ကျန်းမာရေးကူညီစောင့်ရှောက်ပေးခဲ့ကြသော ဝိတိုရိယဆေးရုံမှ ဆရာဝန်ကြီးများဖြစ်ကြပါသော ပါမောက္ခ ဒေါ်နွယ်နွယ်ဝင်း (ဦးနှောက်နှင့် အာရုံကြောအထွေထွေအထူးကု)၊ ပါမောက္ခဦးကိုကို(အထွေထွေအထူးကု)၊ ပါမောက္ခ ဒေါ်ရည်ရည်နိုင်(အဆုတ်နှင့်ရင်ခေါင်းအထူးကု)၊ ဒေါက်တာဦးရဲထွန်းနောင် (နှလုံးအထူးကု)၊ ပါမောက္ခ ဒေါ်အေးအေးကြီး(သွေးအထူးကု)၊ ပါမောက္ခ ဦးခင်မောင်မောင်သန်း(ကျောက်ကပ်အထူးကု)၊ ဒေါက်တာဒေါ်ဝင်းဝင်းမြင့် (အာဟာရဆိုင်ရာဆရာဝန်)၊ ဆရာဝန်၊ သူနာပြုနှင့် ဝန်ထမ်းများအားလုံး၊ နာရေးကူညီမှုအသင်း(ရန်ကုန်)တို့အားလုံးအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးဂလန်းသာစတန်ပီတာ့စ်-ဒေါ်လှလှမျိုးတို့၏ဖခင် မစ္စတာစတန်လီအိတ်ချ်ပီတာ့စ် အသက် (၈၈) နှစ်သည် ၂၈-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ ကျန်ရစ်သူမိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးစိုးမိုးကျော်(CEO, MNL)-ဒေါ်ညိုညိုစမ်း**

**အနိစ္စ**

**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ရေတွင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဝင်းမေ (ခ) ဒေါ်ခင်စောလုံ (ပေါက်မြို့)

**ကမ္ဘာအေး**

### အသက် (၈၇) နှစ်

ပေါက်မြို့နေ (ကျောင်းအုပ်ဆရာကြီး ဦးမောင်စံ-ကျောင်းဆရာမကြီး ဒေါ်ခင်စု)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဝဏ္ဏကျော်ထင် အရေးပိုင်မင်းကြီး ဦးစိန်-ဒေါ်စိန်စိန်)တို့၏ သမီးချွေးမ၊ ပေါက်မြို့နေ (ကျောင်းဆရာဦးတင်မြင့်)-ဒေါ်ခင်ညိုတို့၏ညီမ၊ ရန်ကုန်မြို့နေ [ဦးတင်မောင်ရီ(ကကကျင့်)]၏ချစ်လှစွာသောဇနီး၊ ဦးခင်မောင်ဒိုး (ဆရာဒိုး)-ဒေါ်ခင်အေးအေးနိုင်(Penny)၊ [ဦးမြင့်ထွန်း(မြန်မာ့ထီးစက်ရုံ)]-ဒေါ်မာလာနိုင်၊ ဦးမြင့်စိုး (ကောင်စစ်ဝန်ချုပ်၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)-ဒေါ်ရီရီနိုင်(Petty)၊ ဦးကြည်ရှိန် (ကြယ်မင်းဆေးလိပ်)-ဒေါ်မိမိနိုင်(Pearl)(စား/ထွေ)(စီးပွားကူးသန်းဝန်ကြီးဌာန-ငြိမ်း)၊ [ဆရာဦးဝင်းနိုင်ဦး(မူ/အုပ်၊ ရွှေပြည်သာ)]၊ (ဦးသန့်နိုင်ထွေး)၊ ဦးအံ့ကျော်-ဒေါ်ချယ်ရီနိုင်တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ် ၁၁ ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) ည ၇:၁၅ နာရီတွင် အခန်း(၆)၊ တိုက်(၅၆၉)၊ (၈) ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဗိုလ်ကြီးတင့်လွင် (ငြိမ်း) @ DU WA.La Mai Brang Nu

### အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ) ရပ်ကွက်၊ နွယ်နီ(၂)လမ်း၊ အမှတ်(၄၀၉) နေ (ဦးလမိုင်ဂမ်-ဒေါ်မာလု)တို့၏သား၊ ဆရာမဒေါ်နန်းဇိန်းထွယ်လု(သူနာပြု-ငြိမ်း)၏ ခင်ပွန်း၊ ဦးနန်းဇိန်းနော်-ဒေါ်ရွယ်ထန်၊ ဦးဇယ်ခေါင်-ဒေါ်ထွယ်ဆန်၊ ဦးတူးရှန်-ဒေါ်မာထန်တို့၏အစ်ကို၊ ဗိုလ်ကြီးအေးမင်းစိုး(ထပရ-၇၂၇)-ဒေါ်ခေါန်အောင် (ဦးစီးအရာရှိ၊ ရာသီကော်ဖီ၊သီးနှံဌာနခွဲ-လယ်/ဆည်)၊ ဦးနော်အောင်-ဒေါ်ဝေဖြိုးလှိုင်တို့၏မွေးသဖခင်၊ မခေါန်နူး၊ မLနူးရာ၊ မောင်Lဘရန်နူး၊ မLကော့မိုင်တို့၏အဘိုးသည် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၇-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) အောက်မေ့ဖွယ်ကိုးကွယ်ဝတ်ပြုခြင်းကို ၄-၈-၂၀၂၀ (အင်္ဂါနေ့)တွင် နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရင်မေ (မိဘမေတ္တာ)

### အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခတ္တာလမ်း၊ Grand ခတ္တာကွန်ဒို၊ အမှတ်(၂၃-၂၅)၊ အခန်း(၂၀၃)နေ (ဦးခင်စိန်-ဒေါ်ဝိုင်းစိန်)တို့၏ သမီး၊ (ဦးနက်တုံး-ဒေါ်သီး)တို့၏ သမီးချွေးမ၊ (ဦးထွန်းရွှေ)၏ ချစ်လှစွာသောဇနီး၊ ဦးယဉ်ထွန်း၊ ဦးကျော်ဇေယျ-ဒေါ်မီမီထွန်း၊ ဦးဇာနည်-ဒေါ်မိုးမိုးထွန်း (မိုးလွင် အိမ်ခြံမြေကုမ္ပဏီ)၊ ဦးညီညီထွန်း-မဝင့်ဝါဝါအောင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရင်မေ

### အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခတ္တာလမ်း၊ Grand ခတ္တာကွန်ဒို၊ အမှတ်(၂၃-၂၅)၊ အခန်း(၂၀၃)နေ (ဦးခင်စိန်-ဒေါ်ဝိုင်းစိန်)တို့၏သမီး၊ (ဦးနက်တုံး-ဒေါ်သီး)တို့၏ သမီးချွေးမ၊ (ဦးကံစိန်-ဒေါ်ရင်ရွှေ)တို့၏အစ်မ၊ ဦးကျင်အောင်-(ဒေါ်မြချစ်)၊ ဦးကျင်ရှိန်-ဒေါ်ခင်သန်းဦး၊ ဦးသိန်းလှိုင်-ဒေါ်ခင်ခင်ငွေ၊ ဦးသိန်းမြင့်-ဒေါ်လှဲ့လှဲ့ခိုင်၊ ဦးအေးကျော်(ခ)ကိုပေါက်-ဒေါ်တင်တင်ထွေးတို့၏ ချစ်လှစွာသောအစ်မကြီး ဒေါ်ရင်မေသည် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှရွှေ (ခ) ဦးတင်ထွန်း (ထားဝယ်)

### အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၂၇၀)၊ ခြောက်လွှာနေ (ဦးအရောင်)-ဒေါ်မန်းညောင်တို့၏သား၊ (ဦးဟိုဟန်)-ဒေါ်ရှုဟိုတို့၏သားသမက်၊ ဒေါ်ငယ်(ခ)ဒေါ်ညှုးမွှေး၏ ခင်ပွန်း၊ မသန္တာထွန်း၊ ကိုဝဏ္ဏထွန်း-မစန္ဒာမြင့်၊ ကိုဝင်းမြတ်သူ-မခိုင်ဖြူခင်တို့၏ ဖခင်၊ မောင်မြတ်ဘုန်းခန့်၊ မောင်မြတ်သူရမောင်၏ အဘိုးသည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးနှင့် မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်စန်း

**မြန်မာ့ရေနံရုံးချုပ်(MOGE) ဝန်ထမ်းဟောင်း**

### အသက် (၆၇) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄) ရပ်ကွက်၊ ရေနံ့သာလမ်း၊ တိုက်(၁၄၀/၂)နေ (ဦးထွန်းလှိုင်-ဒေါ်ပန်းမြိုင်)တို့၏သမီး၊ ဦးသိန်းဆွေ၏ဇနီး၊ (ဦးမောင်ညွန့်)၊ (ဦးမောင်ငြိမ်း)၊ ဦးကြည်သိန်း-ဒေါ်သန်းညွန့်၊ (ဒေါ်ညွန့်ရင်)၊ ဦးကျော်စိန်၊ (ဒေါ်မြင့်မြင့်သန်း)၊ ဦးငွေဦး-ဒေါ်ဝင်းကြည်တို့၏ညီမ၊ တူ/တူမ ၁၅ ယောက်တို့၏အဒေါ်၊ မြေး ၁၇ ယောက်တို့၏အဘွား ဒေါ်မြင့်မြင့်စန်းသည် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သီဂီဝင်း (M.Sc-Physics)

### အသက် (၄၂) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ အမှတ်(၂) မြို့သစ်ရပ်နေ (ဒေါက်တာဦးစိုးဝင်း-ဒေါ်အိုင်ရင်းနု)တို့၏သမီး၊ ကိုသူရဝင်း (မေတ္တာဆေးတိုက်)၏ညီမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈) ရပ်ကွက်၊ သစ္စာဥယျာဉ်အိမ်ရာ၊ အမှတ်(၁၂)နေ [ဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)]-ဒေါ်ခင်ဆင့်တို့၏သမီးချွေးမ၊ ကိုထင်လင်း(Telenor Myanmar)၏ချစ်လှစွာသော ဇနီး၊ မယွန်းရွှေစင်(Grade-III, Lumbini Acadamy)၏ချစ်လှစွာသောမွေးသမိခင် မသီဂီဝင်းသည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) ည ၈:၁၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးကံထွန်းကြည်

### အသက် (၆၅) နှစ်

သူငယ်ချင်းကိုနိုင်ဝင်း(EMBA, 14 batch)နှင့် မကြည်ဇာဝင့် (MDevS, First Year, 17 batch)တို့၏ချစ်လှစွာသောမွေးသဖခင်သည် ၂၇-၇-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**EMBA 14 batch မှ/ဇေယျာမြင့်ရွှေ၊ ဝင်းသန်းထွဋ်၊**
**လေးစန္ဒာထွန်း၊ နီနီဝင်းမောင်၊ ခင်ကြည်သာကျော်၊**
**စံထားလွင်၊ စိမ့်စိမ့်စိုး၊ သီရိသက်စုဝေ၊**
**ခင်မဥ္ဇူရီ၊ မျိုးမြတ်မွန်စိမ်း**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ကျားကူးဓမ္မဗိမာန်ဆရာတော်**

## ဘဒ္ဒန္တအရိယဝံသ မဟာထေရ်

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

### သိက္ခာတော် (၆၁)ဝါ၊ သက်တော် (၈၁) နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ စဥ့်ကိုင်ကျေးရွာနေ ခမည်းတော် ဦးဘရင်၊ မယ်တော် ဒေါ်ငွေသိန်းတို့၏ ဒုတိယသားတော်၊ ဦးစံဝင်း၏ညီ၊ ဦးမြအေး၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ ကျားကူးဓမ္မဗိမာန်ကျောင်း၊ နာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တအရိယဝံသ မဟာထေရ်(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)သည် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်) ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၄:၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်) ၁-၈-၂၀၂၀ (စနေနေ့) နံနက် ၈ နာရီတွင် ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်၌ သရဏဂုံတင် ရက်လည်ဆွမ်းဆက်ကပ်ပြီး ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ရေဝေးသုသာန်၌ အဂ္ဂိစျာပန ပူဇော်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာများ၊ ဒါယကာများ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်အပေါင်းတို့အား အသိပေးအပ်ပါသည်။ (ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်ရှေ့မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျားကူးဗိမာန် နာယကများနှင့် တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

## ဦးတင်ရွှေ

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး**

### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်း၊ Royal Maung Bumar Condo၊ အခန်း (9-L)နေ (ဦးကာ-ဒေါ်အေးမြိုင်)တို့၏သား၊ (ဒေါ်ယဉ်မေ)၏ခင်ပွန်း၊ ဦးကျော်သူ-ဒေါ်အေးအေးထွန်း၊ ဦးကိုကိုအောင်(အင်ဂျင်နီယာချုပ်၊ ကြယ်ငါးပွင့်)-ဒေါ်ဝင်းဝင်းရွှေ၊ ဦးရဲထွဋ်အေး(PEMCO Co., Ltd)-ဒေါ်တိုးတိုးအောင် (မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၂၀(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြစိန် (ကျိုက်လတ်)

**မြန်မာ့ဆက်သွယ်ရေး၊ လုပ်ငန်းစစ်(ငြိမ်း)**

### အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးဘသိန်း-ဒေါ်စောခင်)တို့၏ သမီးလတ်၊ (ဦးလှမြင့်)-ဒေါ်မြင့်မြင့်၊ (ဦးလှထွေး)-ဒေါ်တင်တင်အေးတို့၏ ညီမ/အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၄၉)၊ (4-A)၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးသန်းကြွယ် (မြန်မာ့မနောကုမ္ပဏီ)-ဒေါ်မြမြခိုင်၊ ဦးအောင်နိုင်ထွန်း (ညွှန်မှူး၊ ကရင်ပြည်နယ်ကျေးလက်လမ်း)-ဒေါ်သူဇာခိုင်၊ ဦးထွန်းအောင်ခိုင်-ဒေါ်သင်းသင်းဆန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်စံပိုင်ဖြိုး(ခေတ္တ-စင်ကာပူ)-မနှင်းဝတ်ရည် (ခေတ္တ-စင်ကာပူ)၊ မောင်ဝေယံထွန်းအောင် (5th, TU-မှော်ဘီ)၊ မောင်ရဲမင်းအောင် (5th, TU-ဘားအံ)၊ မဖူးသီရိသွယ် (အထက-၄၊ ဗိုလ်တထောင်)၊ မမေသူသူခိုင် (အထက-၄၊ ဗိုလ်တထောင်)တို့၏ ဘွားဘွား၊ မောင်သင်တိုင်းထက်၏ ဘွားဘွားကြီးသည် ၂၇-၇-၂၀၂၀ (တနင်္လာနေ့) ည ၁၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဝင်း

**တွဲဖက်ပါမောက္ခ (ငြိမ်း)၊ ရုက္ခဗေဒဌာန**

### အသက် (၇၀)

မလှိုင်မြို့နေ (ဦးဉာဏ်-ဒေါ်စိမ်းနု)တို့၏ သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တာသုခလမ်းနေ ကိုကျော်သူရအေး-မခင်စန္ဒာလွှမ်းမိုးတို့၏ မွေးသဖခင်၊ မောင်မိုးမြင့်သူရအေး၏ အဘိုး၊ ဒေါ်ခင်အုန်းမြင့်(ပါမောက္ခ၊ ဌာနမှူး -ငြိမ်း၊ ရုက္ခဗေဒဌာန)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (မန္တလေးပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းသိန်း (ဖျာပုံ/သမိန်ထော)

### အသက် (၆၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ သမိန်ထောကျေးရွာနေ (ဦးအောင်သန်း-ဒေါ်ခင်လှ)တို့၏ သမီး၊ ဦးဆန်းဝင်း-ဒေါ်အေးအေးစိုး၊ ဦးဝင်းနိုင်-ဒေါ်အေးစန်း၊ ဦးဝင်းဇော်-ဒေါ်စန်းစန်းမိုး၊ ဦးအောင်မိုး(ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်စိုး၊ ဦးကျော်မိုးနိုင်-ဒေါ်ကြည်ပြာအေးတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ခြံငါးခြံ၊ အမှတ်(၃၆)နေ ဦးခင်မောင်ဝင်း၏ ချစ်လှစွာသောဇနီး၊ ကိုသန့်ဇော်ဦး-မအေးအေးနိုင်၊ (ကိုမင်းမင်း)၊ ကိုခင်ဇော်လင်း-မရွှေစင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်စန်းစန်းသိန်းသည် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID–19 to Myanmar Through Air Travel) ၏ သက်ရောက်မှုကာလကို COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၇-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း COVID – 19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## မလှိုင်မြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စု ၂၀၅၀၀ အား ထောက်ပံ့ငွေပေးအပ်



**မလှိုင် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် နိုင်ငံတော်အစိုးရမှ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ပထမအကြိမ် ထောက်ပံ့ငွေများပေးအပ်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများမှတစ်ဆင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေ မရှိသော ဝင်ငွေနည်းမိသားစုများအား နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး အဆိုပါငွေများကို မည်သည့်အခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုဘဲ ချက်ချင်းပြန်လည်ဖြန့်ဝေပေးသွားရန် မှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၅၆ အုပ်စုမှ အိမ်ထောင်စု ၂၀၅၀၀ ကို တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၁၀၀၀၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးများထံ ပေးအပ်ခဲ့ပြီး ၎င်းတို့မှတစ်ဆင့် အိမ်ထောင်စုများသို့ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

## စလင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ



**စလင်း ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများသည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် ဦးစောနောင်ထွေးနှင့် ဦးလှဌေးတို့ ဦးဆောင်သော အဖွဲ့သည် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုနှင့် မဲပေးခွင့်ရှိသူများ လာရောက်ကြည့်ရှုမှုအခြေအနေများ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲစာရင်းတွင် မပါရှိပါက ဆောင်ရွက်ပေးနေသည့်အခြေအနေတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❐

## ကြေးမုံ ယနေ့ ဖတ်စရာ

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း-၃ ချုပ်ဆိုနိုင်ရေးအတွက် နှစ်ဖက်ကိုယ်စားလှယ်များ ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၉

- - - - - - - - - - -

**တရုတ်နိုင်ငံ၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၁ ဦး ထပ်မံတွေ့ရှိ**

စာမျက်နှာ » ၁၂

- - - - - - - - - - -

**ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ပထမငါးလတာကာလအတွင်း ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၂၀ ဆုံးရှုံးမှုရှိခဲ့**

စာမျက်နှာ » ၁၃

